မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၈၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ဂိုလီးယားနိုင်ငံသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၁

၂၀၀၆ ခုနှစ် ဇူလိုင် ၁၁ရက်တွင် ကျရောက်သော မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ နန်ဘာ အမ့်ခါယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မုံရွာမြို့ ရွှေစည်းခုံစေတီ သာသနာ့ဗိမာန်တော်၌ကျင်းပ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီခွဲက စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ ရွှေစည်းခုံစေတီ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

လှူဒါန်းပွဲတက်ရောက်

အဆိုပါလှူဒါန်းပွဲသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီးဒေါ်ဝေဝေခိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကိုးပါးသီလ ခံယူ

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး နိုင်ငံတော် သြဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကရာမကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ၏ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✡

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

တကယ်တမ်းသောင်းကျန်းမှုဒဏ် ခံစားနေကြရရှာသည့် နယ်စပ်ဒေသ ဒေသခံ ပြည်သူများသည် မျက်မြင်ကိုယ်တွေ့ အမှန်တရားအရ တရားခံမည်သူဟု ပြတ်သားစွာ သိမြင်နေကြ၏။ ဒေသကိုဖျက်ဆီးသူ၊ ဒေသခံတို့၏ လူမှုဘဝကို ဖျက်ဆီးသူ၊ ဒေသခံတို့၏ လူမှုစီးပွားဘဝကို ဖျက်ဆီးသူ၊ ပြည်နယ်ကို ဖျက်ဆီးသူ၊ နိုင်ငံတော်ကိုဖျက်ဆီးသူ တကယ့်တရားခံလက်သည်အစစ်အမှန်ကား ထိုသောင်းကျန်းသူများသာတည်း။

ရတနာစည်ဆရာတော်(လှိုင်လင်)၏ အလင်းတရားနဲ့ အလင်းတံခါး ဆောင်းပါး (စာ-၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာ့လူ့ဘောင် တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲညီညာစွာတည်ထောင်

ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်တပ်မတော်တို့သည် စည်းလုံးညီညွတ်စွာဖြင့် ငြိမ်းချမ်းရေးကိုတည်ဆောက်လျက် တိုင်းပြည်အေးချမ်းတည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ဆတက်ထမ်းပိုးတိုးမြှင့်ရရှိဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပေသည်။

ယင်းသို့ နိုင်ငံတော်အစိုးရ၊ ပြည်သူတစ်ရပ်လုံးနှင့်တပ်မတော်တို့၏ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးဆောင်ရွက်ချက်များနှင့်စေတနာမှန်ကိုနားလည်ယုံကြည်လာသည့်အတွက် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ ဦးမိန်းစင် ဦးစီးအင်အား ၈၄၈ဦးသည် ၂၀၀၆ခုနှစ် ဇူလိုင် ၆ရက်၌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း မင်္ဂလာသတင်းကောင်းကို နှစ်ထောင်းအားရစွာ ကြားသိလိုက်ရသည်။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရှက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ ဦးမိန်းစင်ဦးစီးအဖွဲ့သည် ၎င်းတို့နှင့်အတူ လက်နက်ကြီးမျိုးစုံ ၂၄လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄လက်၊ ကျည်ကပ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ ၁၅၇၉၇၁တောင့်၊ လက်ပစ်ဗုံး ၅၅လုံး၊ မိုင်း၆၃လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကားပြောစက်၁၂၀တို့ကို တစ်ပါတည်းယူဆောင်လာခဲ့ကြခြင်းဖြစ်ပေသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို အသိမှန်၊ အမြင်မှန်ဖြင့်ရှုမြင်ပြီး မှန်ကန်သောလုပ်ရပ်ဖြင့် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့်အတွက် အေးချမ်းသာယာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လိုကြသော ရှမ်းပြည်နယ်(တောင်ပိုင်း)၊(မြောက်ပိုင်း)၊(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး၊ ပြည်သူတစ်ရပ်လုံးနှင့်တကွ တပ်မတော်ကပါ မိသားစုများ တပေါင်းတစည်းတည်းပြန်လည် ဆုံစည်းကြသည့်နယ် ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေးကြိုဆိုကြလျက် ဝမ်းမြောက်ဝမ်းသာရှိနေကြကြောင်း ချမ်းမြေ့ကြည်နူးဖွယ် သတင်းကောင်းများကိုလည်း ဆက်လက်ကြားသိရသည်။

ထို့အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ဦးမိန်းစင် ဦးစီးအဖွဲ့ဝင်များအား တပ်မတော်မှ တာဝန်ရှိသူများက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းတို့အဖွဲ့ နေထိုင်လုပ်ကိုင်စားသောက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် နယ်မြေသတ်မှတ်ပေးသည့်အပြင် စားဝတ်နေရေး အဆင်ပြေစေရန်အတွက်လည်း ပြည့်စုံစွာစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသဖြင့် နယ်မြေအေးချမ်း တည်ငြိမ်လာသည်နှင့်အမျှ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာမည့် အဆိုပါနယ်မြေဒေသ၏ မြင်ကွင်းများကိုလည်း ကြိုတင်မျှော်တွေးပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မုဒိတာတရား ပွားများနေကြပေသည်။

မျက်မှောက်ခေတ် နိုင်ငံတော်အစိုးရလက်ထက်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးအလေးထားပြီး နိုင်ငံရေးဦးတည်ချက်တစ်ရပ်အဖြစ် ချမှတ်ဖော်ဆောင်ခဲ့သဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့၁၇ဖွဲ့နှင့်အခြားအဖွဲ့ငယ်များ ဥပဒေဘောင်အတွင်းဝင်ရောက်၍ နိုင်ငံတော်နှင့် လက်တွဲကာ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း အားလုံးအသိပင်ဖြစ်သည်။

မြန်မာနိုင်ငံ၌ မည်သည့်ခေတ်ကာလတွင်မျှ မရရှိ မတည်ဆောက်နိုင်ခဲ့ဘဲ မျက်မှောက်ခေတ်၌ အောင်မြင်စွာ ဖော်ဆောင်နိုင်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်ကြီးတွင် ယခုအခါ ဦးမိန်းစင်ဦးစီးသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများက တစ်ခဲနက် ပါဝင်ပူးပေါင်းလက်တွဲဆောင်ရွက်လာကြပြီဖြစ်ရာ မကြာမီသောကာလတွင် တစ်တိုင်းပြည်လုံး ရာနှုန်းပြည့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာ့လူ့ဘောင်ကိုတစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲညီညာစွာတည်ထောင်အောင်မြင်မည့် အတိတ်ကောင်း နိမိတ်ကောင်း၊ အလားအလာကောင်းပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း၃လမ်း မှတ်တိုင်အနီး)တွင် အမှတ်၁၈ ဘုရင့်နောင်ရိပ်သာ ၁လမ်း အင်းစိန်မြို့နယ်နေ ဗိုလ်မှူးသက်လွင်ထွန်း-ဒေါ်ယုမာကျော်၊ သား ထူးအောင်လွင်၊ ရှင်းသန့်လွင်ထွန်း ကောင်းမှုအတွက် အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

‘ဝ’ဒေသ သံဃာတော်များ ဝါဆိုသင်္ကန်းဆက်ကပ် ကျောင်းများအတွက် ကျောင်းသုံးဖတ်စာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်အရ ‘ဝ’ဒေသ သံဃာတော် အပါး၁၀၀၀အတွက် နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ဇူလိုင်၁ရက် နံနက်ပိုင်းက ပန်ဆန်းမြို့ မဟာပံသုသီဂီစေတီတော်မွှာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် တန့်ယန်းမြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ဦးစီးနာယက တောင်တန်းသာသနာပြုဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ‘ဝ’ ဒေသ မြို့နယ်အသီးသီးရှိထေရဝါဒ ကျောင်းတိုက်များမှပင့်သံဃာ၄၅ပါးအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းကြရာ နားဖန်ဒေသ သံဃာတော်များအတွက် ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေကလည်းကောင်း၊ မန်ဖန့်ဒေသ သံဃာတော်များအတွက် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်သိန်းကလည်းကောင်း၊ ပန်ဆန်းမြို့နယ် ဒေသ သံဃာတော်များအတွက် ‘ဝ’ တိုင်းရင်းသားခေါင်းဆောင် ဦးရှောက်မီလျှံက လည်းကောင်း၊ နမ့်တစ်၊ နားဝီး၊ ဟိုပန်နှင့် မိုင်းမောဒေသရှိ သံဃာတော်များအတွက် ‘ဝ’ တိုင်းရင်းသားခေါင်းဆောင် ဦးပေါ်လိုက်ခမ်းကလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်နာယကမြို့နယ် သံဃနာယက အကျိုးတော်ဆောင် ဆရာတော် ဂန္ဓဝါစကပဏ္ဍိတဘဒ္ဒန္တကုသလထံမှ ရေစက်ချတရားနာယူကြသည်။

ကျောင်းသုံးဖတ်စာအုပ်လှူ

၎င်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ လှူဒါန်းသော ကျောင်းသုံးဖတ်စာအုပ် ၁၄၁၄၁ အုပ် အား အထူးဒေသ(၂) ‘ဝ’ဒေသရှိ ကျောင်းများအတွက် ထောက်ပံ့ လှူဒါန်းပွဲအခမ်းအနားအား ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ ကျောင်းသုံး ဖတ်စာအုပ်များအား ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ထောက်ပံ့ပေးအပ်ရာ ‘ဝ’အထူးဒေသ(၂) ပညာရေးတာဝန်ခံ ဦးလောရင်က လက်ခံရယူသည်။

ရှင်းလင်းမှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ပန်ဆန်းမြို့နယ်ရှိ နယ်စပ်ဒေသဝန်ထမ်းများအား တွေ့ဆုံပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရည်မှန်းချက် တာဝန်များ၊ လိုက်နာ ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များကို ရှင်းလင်း ဖြည့်စွက် ဆောင်ရွက်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဝန်ထမ်းများအား ထောက်ပံ့ ပစ္စည်းများပေးအပ်ပြီး ရုံးများ လှည့်လည်စစ်ဆေးသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၁-၇-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ ပညာခေတ်
၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း-၅၉)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **“ပိဋကတ်ပင်လယ်ပြင်ကို စတင်ကူးခတ်ခြင်း”**
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သတ္တိ ဗျတ္တိ”** (အပိုင်း-၁၂)

သဃ်န်းကျွန်းမြို့နယ် ဘဝမြင့် ဆ/ခရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင်၈ရက်က အမက(၁၅)ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမာသိန်း အမှာစကားပြောကြားစဉ်။ (၄၀၀)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီးဘုရားကြီးဝင်း ဘိုကလေးမြို့နယ်အသင်း သိမ်ကျောင်းဓမ္မာရုံ၌ ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စုပေါင်းဆွမ်း ကပ်လှူပူဇော်မည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသူများသည် ဦးတင့်ဇော်(ဥက္ကဋ္ဌ) ဖုန်း-၂၉၁၃၃၈၊ ဦးတင်မောင်မြင့်(အတွင်းရေးမှူး) ဖုန်း-၅၀၁၆၆၃-၂၄၄၊ ဒေါ်မြင့်မြင့်စိန်(ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၃၇၂၄၊ အသင်းတိုက် ဖုန်း-၂၁၂၅၀၈တို့သို့ အလှူငွေနှင့်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

☆ **ရှေ့ဖုံးမှ**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော် သံဃာတော်များအား တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများက ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်က သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဝတ်စုံ အထည်များကို ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချအမျှပေးဝေ

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကရာမကျောင်းတိုက် ပဓာန နာယကဆရာတော်က ရေစက်ချ အနုမောဒနာ တရားတော်ဟောကြားချီးမြှင့်တော်မူပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက် ၁၆၈ တိုက်မှ ဝါဆိုဝါကပ်တော်မူကြသော ရဟန်းသံဃာတော် ၂၁၇၁ ပါးတို့အတွက် ဝါဆိုသင်္ကန်း ၂၁၇၁ စုံ၊ သီလရှင်ကျောင်း ၂၆ ကျောင်းတို့မှ သီလရှင်ဆရာကြီး အပါး ၇၅၀ တို့အတွက် သီလရှင်ဝတ်စုံ ၇၅၀ တို့ကို လှူဒါန်းဆက်ကပ်ပြီး လှူဒါန်းမှု၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၃၀၃၂၀၁၀ ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကိုးပါးသီလခံယူဆောက်တည်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကရာမကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိန္ဒထံမှ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဧည့်ပရိသတ်တို့ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၁–၇–၂၀၀၆ ရက်
(အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၇။ အတီးပြိုင်ပွဲ
၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၉။ အကပြိုင်ပွဲ
၈း၂၅ ၁၀။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၈း၃၀ ၁၁။ International News
၈း၄၅ ၁၂။ Let's Go
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၀ ၅။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇း၁၀ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၂၀ ၇။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
၁၇း၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၈း၅၀ ၁၂။ အမြဲစိမ်းနေမည့် အမြဲစိမ်း ရော်ဘာခြံ(နမ့်ခမ်းမြို့)
၁၉း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း–၈)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း–၁၀)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဒုတိယအကြိမ်စည်းဝေး

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့် အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ်သခ်)တို့က ဗဟိုအမှုဆောင်ကော်မတီကို အထောက်အကူပြုမည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များနှင့် ပြည်နယ်နှင့် တိုင်းအလိုက် စည်းရုံးရေးအဖွဲ့များ ဖွဲ့စည်းခြင်းကိစ္စကို ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် အတွင်းရေးမှူးက စတုတ္ထအကြိမ် စာပေညီလာခံ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မိန့်ကြားခဲ့သည့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် ထိုက်သင့်သည့် ရန်ပုံငွေများရှိရန်၊ ငွေပဒေသာပင် စိုက်ထူရန်နှင့် မူဘောင်နှင့်အညီ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရရှိနိုင်မည့် နည်းလမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဗဟိုအမှုဆောင် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ဆုံးဖြတ်

ဆက်လက်၍ အစည်းအဝေးက စတုတ္ထအကြိမ် စာပေညီလာခံ၌ မိန့်ကြားခဲ့သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့၏ အမှာစကားတို့ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ စတုတ္ထအကြိမ် စာပေညီလာခံက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို အောင်မြင်အောင် ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြသည်။

ထို့နောက် ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

တရုတ်-အာဆီယံလွတ်လပ်သည့်ကုန်သွယ်ရေးဒေသ ကမ္ဘာ့အကြီးဆုံး စီးပွားရေးဈေးကွက် ဖြစ်လာမည်

ဂျကာတာ ဇူလိုင် ၁၀

တရုတ်အာဆီယံလွတ်လပ်သည့် ကုန်သွယ်ရေးဒေသ ထူထောင်ခြင်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဈေးကွက်စီးပွားရေးကိုဖြစ်ထွန်းစေလိမ့်မည်ဖြစ်ကြောင်း စီးပွားရေးကျွမ်းကျင်သူတစ်ဦးက ပြောကြားလိုက်သည်။

ဒေသနှစ်ခု၏ စီးပွားရေးအရ ပေါင်းစည်းမှုဖြစ်ပေါ်သည့် လူဦးရေသည် ၂ဒသမ ၀ ဘီလီယံရှိမည်ဟု မြောက်အမေရိကလွတ်လပ်သော ကုန်သွယ်ရေးဒေသ၏ လူဦးရေထက် ၄ဒသမ ၅ဆရှိသည်။ ဥရောပသမဂ္ဂ ဈေးကွက်ထက်လည်း ၅ ဒသမ ၄ဆကြီးမားကြောင်း အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီမြောက်ပိုင်း ဒေသ၏ မြို့တော်မာနာဒိုမြို့ရှိ ဆမ်ရာတူလန်ဂျီတက္ကသိုလ်မှ ပါမောက္ခလပ်ကီးဆောင်ဒတ်က ဇူလိုင်၆ရက်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် အကျွမ်းတဝင်ဖြစ်မှုကြောင့် စီးပွားရေးတိုးတက်လာလိမ့်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ တရုတ်-အာဆီယံဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများနှင့် စိန်ခေါ်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်ကို အင်တာရာသတင်းဌာနက ဇူလိုင် ၈ ရက်၌ ကိုးကားဖော်ပြသည်။

တရုတ်နိုင်ငံက ဝယ်ယူနေသော စွမ်းအင်ပမာဏမှာ အမေရိကန်ထက် ၁ဒသမ ၄ဆပိုများသည်။ ယင်းအချက်ကို အခြေခံလျက် တရုတ်နိုင်ငံက ၂၀၅၀ပြည့်နှစ်အရောက်တွင် ဂျီဒီပီ တန်ဖိုးအမြင့်ဆုံးကို အမေရိကန်နိုင်ငံထံမှ လွှဲပြောင်းယူလိမ့်မည်ဖြစ်ကြောင်း ပါမောက္ခ ဘောင်ဒက်က ဟောကိန်းထုတ်လိုက်သည်။

တရုတ်နိုင်ငံသည် ၁၉၇၂-၂၀၀၄ ခုနှစ် ကာလအတွင်း နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်း ၈ ဒသမ ၃ရာခိုင်နှုန်းရှိခဲ့သည်။

တရုတ်နိုင်ငံ၏ ပို့ကုန်ဈေးကွက်သည် လျင်မြန်စွာ တိုးတက်လာသကဲ့သို့ နိုင်ငံအများစုသည် ဈေးနှုန်းနှင့် အရည်အသွေးမီ ထုတ်ကုန်ယှဉ်ပြိုင်မှုများကြောင့် ကုန်ပစ္စည်းများ မှာယူမှုများလာရသည်ဟု အဆိုပါ ပါမောက္ခက ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးနှစ်ဦး အာကာသအတွင်း လမ်းထွက်လျှောက်စဉ် လွန်းပြန်ယာဉ်၏ ကုန်ပစ္စည်း သိုလှောင်ခန်းအား စစ်ဆေးနေသည်ကို ဇူလိုင် ၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂြိုဟ်တုလွှတ်တင်ရေး ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ အင်ဒိုနီးရှားနှင့်ရုရှား ဩဂုတ်လ၌ လက်မှတ်ရေးထိုးမည်

ဂျကာတာ ဇူလိုင် ၁၀

အင်ဒိုနီးရှားနှင့် ရုရှားနိုင်ငံသည် ဂြိုဟ်တုလွှတ်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ယခုနှစ်ဩဂုတ်လတွင် လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း အမျိုးသားလေကြောင်းနှင့် လေယာဉ်ပညာဌာန (လာပန်)မှ ပြောရေးဆိုခွင့်ရှိသူ ဝစ်နုမာစစ်က ဇူလိုင် ၇ရက်က ပြောကြားသည်။

ဒုံးလွှတ်တင်ရေးစင်ကို အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ပိုင်း ပါပူရာ ပြည်နယ် ဘိတ်နမ်ဖာတွင် တည်ဆောက်မည်ဖြစ်သည်။

ထုတ်လွှင့်

ထို့ကြောင့် ဂျကာတာရှိ လာပန်အဖွဲ့သည် ၂၀၀၉-၂၀၁၀တွင် ဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ်ကို အထောက်အပံ့ဖြစ်စေရန် ဘိတ်နမ်ဖာဒေသ အုပ်ချုပ်ရေးအဖွဲ့၏ ပြင်ဆင်ထားမှုများကို စစ်ဆေးရန်အတွက် ထိုနေရာသို့ လာရောက်ခဲ့ကြကြောင်း အန်တာရာ သတင်းအေဂျင်စီမှ ဝစ်နုမာစစ်က ပြောကြားချက်ကို ထုတ်လွှင့်ပေးခဲ့သည်။

ပြင်ဆင်

ဂြိုဟ်တုလွှတ်တင်ရေး အစီအစဉ် အောင်မြင်ရန်အတွက် စေ့စပ်သေချာမှု အကောင်းဆုံးပြင်ဆင်ထားရန်လိုအပ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

၎င်းအပြင် ထောက်ပံ့ရေး အထောက်အကူပစ္စည်းများအနေဖြင့် ထိုဒေသရှိ ဖရန်စ်ကိုင်စီပိုလေဆိပ်သို့ သွားရာလမ်း၊ လေယာဉ်လောင်စာဆီ ရရှိနိုင်မှုနှင့် အလုပ်သမားများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နိုင်မှု လုပ်ငန်းများတွင် တိုးတက်မှုများရှိရန် လုပ်ဆောင်သင့်သည်ဟု ဝမ်နုက ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

လက်နက်များရောင်းချရန် ပူးပေါင်းကြံစည်မှုဖြင့် စင်ကာပူနိုင်ငံသားအား ပြစ်ဒဏ်ချမှတ်

စင်ကာပူ ဇူလိုင် ၁၀

ဘူလ်ဂေးရီးယားမှ ဆီးရီးယားနိုင်ငံသို့ အေကေအမ်အက်စ် ရိုင်ဖယ်သေနတ် အလက်နှစ်သောင်းအား ပို့ဆောင်ရန် ပူးပေါင်းကြံစည်ခဲ့သော အသက် ၃၀ နှစ်ရှိ စင်ကာပူနိုင်ငံသားတစ်ဦးအား ထောင်ဒဏ်ကိုးလ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း နယူးအာရှမှ ဇူလိုင် ၇ ရက်က ထုတ်လွှင့်ခဲ့သည်။

ဖမ်းဆီး

ပြစ်မှုကျူးလွန်သူ၏ အမည်မှာ ကိုလင်းမက်ခ်ဖြစ်ပြီး လက်နက်ရောင်းဝယ်ရေးလိုင်စင်မရှိကြောင်း၊ စင်ကာပူအကောက်ခွန်ဌာနသည် သတင်းပေးချက်အရ ၎င်းအားဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ၌ လေယာဉ်ပျက်ကျ

မူလတန် ဇူလိုင် ၁၀

ပါကစ္စတန် လေကြောင်းလိုင်းမှ ဖော်ကာခရီးသည်တင် လေယာဉ်တစ်စင်း ဇူလိုင် ၁၀ရက်က ပျက်ကျခဲ့သဖြင့် ယာဉ်ပေါ်ပါ ခရီးသည်နှင့် လေယာဉ်အမှုထမ်း စုစုပေါင်း ၄၅ဦး သေဆုံးသွားခဲ့ကြောင်း မူလတန်မြို့ ရဲတပ်ဖွဲ့မှ ပြောကြားသည်။

၎င်းလေယာဉ်သည် လာဟိုမြို့သို့ ပျံသန်းရန် မူလတန်လေဆိပ်မှ ပျံတက်လာပြီး ၁၀ မိနစ်အကြာတွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ ယင်းလေယာဉ်ပေါ်ပါ ခရီးသည် ၄၁ဦးနှင့် လေယာဉ်အမှုထမ်း လေးဦး သေဆုံးသွားခဲ့ကြောင်းယင်းလေကြောင်းဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်၌ အဆောက်အအုံပြိုကျ

ပေကျင်း ဇူလိုင် ၁၀

တရုတ်နိုင်ငံ ဟေနန်ပြည်နယ် ကျန်ကျိုးမြို့တွင် ဇူလိုင် ၇ ရက်က လူနေအဆောက်အအုံတစ်လုံး ရုတ်တရက် ပြိုကျခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (အောက်ပုံ)

ယင်းအဆောက်အအုံသည် လူနေအခန်းများပါရှိသော ခုနစ်လွှာအဆောက်အအုံဖြစ်ပြီး သောကြာနေ့ နံနက်ပိုင်းက ရုတ်တရက်ပြိုကျသွားခဲ့ကြောင်း၊ အဆောက်အအုံပြိုကျမှုကြောင့် လူသုံးဦးသေဆုံးခဲ့ရပြီး လူ ၂၀ခန့် အပျက်အစီးများအောက်တွင် နစ်မြုပ်နေခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ ပြောကြားသည်။

ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် အပျက်အစီးများအောက်တွင် နစ်မြုပ်နေသောသူများအား အချိန်မီကယ်တင်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျီကျန်း ပြည်နယ် ဟန်ကျိုးမြို့တွင် ကျင်းပသည့် နိုင်ငံတကာ ခရီးသွား အလှမယ် ပြိုင်ပွဲတွင် ပထမရရှိခဲ့သော ဖိလစ်ပိုင် အလှမယ်(ယာ)**ကို ဆုယူအပြီး ဇူလိုင် ၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အဖေနှင့်သား ရှစ်လသာခြား၍ တစ်နေရာတည်း၌ ရထားကြိတ်၍ သေဆုံးခဲ့ရ

ကွာလာလမ်ပူ ဇူလိုင် ၁၀

မလေးရှားအမျိုးသားတစ်ဦးသည် လွန်ခဲ့သောရှစ်လက ၎င်း၏ ဖခင်ဖြစ်သူ ရထားအကြိတ်ခံရပြီး သေဆုံးသည့် တစ်နေရာတည်း၌ ရထားအကြိတ်ခံရသဖြင့် သေဆုံးသွားကြောင်း မလေးရှားသတင်းစာတစ်စောင်က ဇူလိုင် ၈ ရက်၌ ဖော်ပြသည်။

ဖော်ပြ

အဆိုပါ ရထားအကြိတ်ခံရသူမှာ အသက် ၃၄ နှစ်အရွယ်ရှိ ဗီမာရက်ထိုင်း ဖြစ်သည်။ ၎င်းသည် မလေးရှားမြောက်ပိုင်း အိုင်ပေါ့မြို့၌ မောင်းနှင်နေသော ရထားတစ်စင်းက ဇူလိုင် ၇ ရက်၌ ဖြတ်ကြိတ်သွားကြောင်း စတားသတင်းစာက ဖော်ပြသည်။

သေဆုံး

၎င်း၏ဖခင်ဖြစ်သူမှာ အင်န်ဗီရာပန်ဖြစ်ပြီး အသက် ၆၄ နှစ်ရှိသည်။ ၎င်းသည် နိုဝင်ဘာလက ယခု ယင်း၏သား ရထားအကြိတ်ခံရသည့်နေရာ၌ပင် ရထားကြိတ်၍သေဆုံးခဲ့သည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်အနောက်ပိုင်း၌ ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၀

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး ဇူလိုင် ၈ ရက်က သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ယင်းတပ်ဖွဲ့ဝင်သုံးဦးသည်အမှတ်(၁)မရိမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူများဖြစ်ပြီး ပြောက်ကျားများ၏ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၂၅၃၀ ကျော်ရှိသွားပြီဖြစ်သည်။**အမ်အင်အေ၊ဆင်ဟွာ**

ထိုင်း၌ ပြည်နယ်ငါးခုရေကြီးမှုသတိပေး

ဗန်ကောက် ဇူလိုင် ၁၀

ယခုသီတင်းပတ်အတွင်း ထိုင်းနိုင်ငံ၌ မိုးများသည်းထန်စွာရွာသွန်းခဲ့သဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်း တောင်ကုန်းတောင်တန်းများအနီးရှိ ပြည်နယ်သုံးခုနှင့်အရှေ့ပိုင်း ကမ်းခြေနှစ်ခုတို့၌ နေထိုင်သူများအား ထိုင်းမိုးလေဝသက ဇူလိုင် ၇ရက်၌ သတိပေးလိုက်သည်။

မုန်တိုင်းခန့်မှန်း

သို့ရာတွင် အင်ဒမန်းပင်လယ်နှင့် ထိုင်းပယ်လယ်ကွေ့တို့၌ အပူပိုင်းမုန်တိုင်းတစ်ခုသည် အားပျော့သွားပြီဖြစ်ကြောင်း အဆိုပါမိုးလေဝသဌာနက ခန့်မှန်းပြောကြားသည်။

သတိပေး

ထိုင်းမြောက်ပိုင်းရှိ ရေကြီးမှု သတိပေးထားသည့်ပြည်နယ်များမှာ မေဟောင်ဆွန်၊ ချင်းရိုင်နှင့် တပ်ခ်ပြည်နယ်တို့ဖြစ်ပြီး ထိုင်းနိုင်ငံအရှေ့ပိုင်း မြစ်ရေမြင့်တက်နိုင်မှု သတိပေးထားသော ပြည်နယ်နှစ်ခုမှာ ချန်သာဘူရီနှင့် ထရက်တို့ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရုရှားနိုင်ငံမှ စစ်သင်္ဘောများ အိန္ဒိယက ဝယ်ယူမည်

နယူးဒေလီ ဇူလိုင် ၁၀

အိန္ဒိယနိုင်ငံ ရေတပ်လုံခြုံရေးဆိုင်ရာ ကက်ဘိနက်ကော်မတီက ၎င်း၏ရေတပ်အင်အားကို တိုးချဲ့မြှင့်တင်ရန် ရည်ရွယ်လျက် ရုရှားနိုင်ငံမှ ရေဒါဖြင့်အဖမ်းရခက်သော စစ်သင်္ဘောသုံးစင်းနှင့် ခရုစ်ဇ်ဒုံးကျည်ပစ်နိုင်သည့် ရေငုပ်သင်္ဘော ၂၈စင်းဝယ်ယူရန် ဇူလိုင် ၆ရက်က သဘောတူညီလိုက်ပြီဖြစ်ကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းစစ်သင်္ဘော သုံးစင်းအနက် တစ်စင်းမှာ စာချုပ်လက်မှတ်ရေးထိုးပြီး ငါးနှစ်အတွင်း အိန္ဒိယနိုင်ငံက ရရှိမည်ဖြစ်သည်။ ပထမသင်္ဘောရောက်ပြီး ၁၂လ အကြာ ကျန်နှစ်စင်း ထပ်မံရရှိမည်ဖြစ်ကြောင်း အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက သဘာပတိအဖြစ်ဆောင်ရွက်သော လုံခြုံရေးဆိုင်ရာ ဝန်ကြီးအဖွဲ့စည်းအဝေးအပြီး ကာကွယ်ရေးဝန်ကြီး ပရာနက်ဘ်မွတ်ဟာဂျီက သတင်းသမားများအား ပြောကြားသည်။ **(ပီတီအိုင်)**

နိုင်ငံသားခံယူခွင့်ဥပဒေ အင်ဒို ထုတ်ပြန်မည်

ဂျကာတာ ဇူလိုင် ၁၀

နောက်ရက်သတ္တပတ်တွင် နိုင်ငံသားအဖြစ် ခံယူခွင့်ဥပဒေမူကြမ်း ဥပဒေထုတ်ပြန်ရန်အတွက် အင်ဒိုနီးရှားလွှတ်တော်ကို အဆိုပြုထားခဲ့သည်။

ယင်းဥပဒေအရ အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးသည် နိုင်ငံခြားတွင် ငါးနှစ်ဆက်တိုက် နေထိုင်ခဲ့ပြီး အင်ဒိုနီးရှားမစ်ရှင်အဖွဲ့သို့ အစီရင်ခံတင်ပြရန် ပျက်ကွက်ခဲ့လျှင် ၎င်း၏နိုင်ငံသားအဖြစ်နေထိုင်ခွင့် ဆုံးရှုံးမည်ဖြစ်ကြောင်း ယင်းဥပဒေတွင် ပြဌာန်းထားသည်။

အဂတိလိုက်စားပြီး နိုင်ငံခြားထွက်ပြေးသွားသော အရာရှိများအပါအဝင် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦးသည် ယင်းစည်းမျဉ်းဥပဒေကို ဖောက်ဖျက်လျှင် နိုင်ငံသားအဖြစ် ခံယူခွင့် ဆုံးရှုံးမည်ဖြစ်ကြောင်း နိုင်ငံသားခံယူခွင့်ဆိုင်ရာ အထူးကော်မတီ ဥက္ကဋ္ဌ ယူစွက်က ပြောကြားသည်။

ယင်းဥပဒေတွင် သမ္မတထံမှ ကြိုတင်အဆိုပြုချက်မယူဘဲ ပြည်ပရှိ စစ်ဘက်ဆိုင်ရာနှင့် ဆက်သွယ် အလုပ်လုပ်နေသော သူများအတွက်လည်း အကျိုးသက်ရောက်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်တေးသီချင်းအပုဒ် ၃၀ လကမ္ဘာစူးစမ်းရေးဂြိုဟ်တုမှ ထုတ်လွှင့်မည်

ပေကျင်း ဇူလိုင် ၁၀

တရုတ်နိုင်ငံက လာမည့်နှစ်တွင် လွှတ်တင်မည့်၎င်း၏ပထမဆုံး လကမ္ဘာစူးစမ်းလေ့လာရေးဂြိုဟ်တုမှ မြေပြင်သို့ တရုတ်တေးသီချင်းအပုဒ် ၃၀ကို လွှင့်ထုတ်ပေးမည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးဌာနက ပြောကြားသည်။

အဆိုပါတရုတ်နိုင်ငံ၏ အာကာသအစီအစဉ်တွင် လူထုက သဘောကျနှစ်ခြိုက်သည့် မည်သည့်တေးသွား လွှင့်ထုတ်ရမည်ကို လူထု၏အဆိုပြုထောက်ခံချက်ရယူလျက်ရှိကြောင်း အမျိုးသားကာကွယ်ရေးဌာန သိပ္ပံနည်းပညာနှင့် စက်မှုလုပ်ငန်းကော်မရှင်က ဇူလိုင် ၇ရက်တွင် ပြောကြားသည်။

နိုင်ငံ၏လကမ္ဘာ စီမံကိန်းအဆင့်သုံးဆင့်အနက် တစ်စိတ်တစ်ပိုင်းဖြစ်သော ယင်းအစီအစဉ်ကို ၂၀၀၄ ခုနှစ်တွင် တရုတ်အစိုးရက ဘတ်ဂျက်ငွေ ယွမ် ၁ဒသမ ၄ဘီလီယံ(အမေရိကန်ဒေါ်လာသန်း ၁၇၀ခန့်) ဖြင့် အတည်ပြုခဲ့ပြီးဖြစ်သည်။

ချန်အီးဟု အမည်ပေးထားသော လကမ္ဘာအစီအစဉ်သည် ၂၀၁၀ပြည့်နှစ်တွင် အမည်မပေးရသေးသော ယာဉ်တစ်စင်းကို လပေါ်၌ထားရန် နောက်ဆုံးရည်ရွယ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံလျှပ်စစ် နည်းပညာတက္ကသိုလ်မှ ရရှိခဲ့သော ဘွဲ့လက်မှတ်ကို ဝမ်ရန်က ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

တရုတ်လျှပ်စစ်နည်းပညာတက္ကသိုလ်မှ နားမကြားသူတစ်ဦးအားဘွဲ့လက်မှတ်အပ်နှင်း

ပေကျင်း ဇူလိုင် ၁၀

တရုတ်နိုင်ငံ အရှေ့ပိုင်းရှန်ဒေါင်းပြည်နယ်ရှိ ဒေသတစ်ခုမှ ဝမ်ရန်အမည်ရှိ အကြားအာရုံဆုံးရှုံးနေသော သူတစ်ဦးသည် တရုတ်နိုင်ငံလျှပ်စစ်နည်းပညာတက္ကသိုလ်မှ ဘွဲ့အပ်နှင်းခြင်းခံရကြောင်း ဆင်ဟွာသတင်းဌာနက ဇူလိုင် ၆ ရက်တွင် ကြေညာသည်။

ကြိုးစား

၎င်းသည် ငယ်ရွယ်စဉ်ကလေး ဘဝကတည်းကပင် အကြားအာရုံ ဆုံးရှုံးခဲ့၍ နားမကြားတော့ကြောင်း၊ သို့သော် ၎င်းသည် တက္ကသိုလ်မှ ဘွဲ့ရရှိသည်အထိ စာကိုအလွန်ကြိုးစားကျက်မှတ်ခဲ့သဖြင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း တက္ကသိုလ်မှ ကျောင်းဆရာတစ်ဦးက ပြောကြားသည်။

ဖော်ပြ

မူလတန်း၊ အလယ်တန်းမှ စ၍ တက္ကသိုလ်အထိ၎င်းသည် စာသင်ပုန်းပေါ်မှ စာများကို ဆရာများ၏ ပါးစပ်လှုပ်ရှားမှုပုံစံကို ကြည့်ရှု၍အဓိပ္ပာယ်ဖော် လေ့လာကျက်မှတ်ခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တိုကျို၌ နိုင်ငံတကာစာအုပ်ပြပွဲ ကျင်းပ

တိုကျို ဇူလိုင် ၁၀

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် (၁၃)ကြိမ်မြောက် တိုကျိုနိုင်ငံတကာ စာအုပ်ပြပွဲကို ဇူလိုင် ၆ ရက်က ဖွင့်လှစ်ပြသခဲ့သည်။

ခင်းကျင်းပြသ

ယင်းပြပွဲကို လေးရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်ပြီး နိုင်ငံနှင့်ဒေသ ၃၀ကျော်မှ စာအုပ်နှင့်ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း ၇၅၀ကျော်က ၎င်းတို့ ထုတ်ဝေခဲ့သော သုတ၊ ရသစာအုပ်မျိုးစုံကို ခင်းကျင်းပြသခဲ့ကြသည်။ **(အပေါ်ပုံ)**

စည်းကားသိုက်မြိုက်

စာဖတ်ပရိသတ်များသည် ယင်းပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာကြပြီး ဘာသာစာပေအမျိုးမျိုးဖြင့် ရိုက်နှိပ်ထုတ်ဝေထားသည့် စာအုပ်များထဲမှ ကြိုက်နှစ်သက်ရာကို ဝယ်ယူအားပေးခဲ့ကြသဖြင့် ယင်းနိုင်ငံတကာစာအုပ်ပြပွဲကြီးသည် စည်းကားသိုက်မြိုက်လျက်ရှိကြောင်း စီစဉ်ကျင်းပသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကြွက်အားကျောကုန်းပေါ်တင်၍ ရေကူးလာသောဖား

ကြွက်တစ်ကောင်အား ကျောကုန်းပေါ်တင်၍ ရေကူးလာသော ဖားကို တွေ့ရစဉ်။ (ယာပုံ)

အိန္ဒိယနိုင်ငံ မြောက်ပိုင်း လက်နောင်းမြို့ ရေလွှမ်းမိုးမှုဖြစ်ပွားစဉ်။ ဖားတစ်ကောင်သည် ကြွက်အား ကျောကုန်းပေါ်တင်၍ ရေကူးလာသည်ကို တွေ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

အေဒီ ၁၀ရာစုခေတ်ခန့်က နံရံပန်းချီကား

လွန်ခဲ့သော အေဒီ၁၀ ရာစုခေတ်ခန့်က ရှေးဟောင်းနံရံ ပန်းချီကားတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါပန်းချီကားကို ဘူလ်ဂေးရီးယားနိုင်ငံ မြို့တော်ဆိုဖီယာအနီး အဆောက်အအုံတစ်ခု၏ နံရံတွင် တွေ့ရှိရခြင်းဖြစ်သည်။ ၎င်းနံရံ ပန်းချီကားသည် လွန်ခဲ့သော အေဒီ ၁၀ရာစုခေတ်က ရေးဆွဲထားခဲ့သော ပန်းချီကားဖြစ်ပြီး အသုံးပြုထားသော ဆေးသားများမှာ ပျက်စီးမှုမရှိဘဲ ဖြစ်ကာ အလယ်ခေတ်က ဥရောပ ယဉ်ကျေးမှု အနုပညာဖွံ့ဖြိုးမှုကို ဖော်ပြလျက်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ပျဉ်းမနားမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူ သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် ကျောင်းတိုက်၌ ဇူလိုင်၉ရက်က ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက တွဲဖက် အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ၊ ပျဉ်းမနားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒနှင့် ဘင်္ဂလားဒေ့ရှ် ဆရာတော် ဘဒ္ဒန္တတိလောကတို့အမှူးပြုသည့်ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)မှ နာယက၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် နာယကများ၊ အသင်းဥက္ကဋ္ဌ ဦးအေးလွင်နှင့် အမှုဆောင်များ၊ အသင်းသူအသင်းသား၊ မြို့နယ်သူ မြို့နယ်သားများက ဘဒ္ဒန္တစန္ဒသိရီဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ တက်ရောက်လာသော ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံသည်။

တင်မြှောက်

မွန်းလွဲပိုင်းတွင် အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကိုကျင်းပရာ ဥက္ကဋ္ဌ ဦးအေးလွင်ခေါင်းဆောင်သည့် အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ် တင်မြှောက်ကြပြီး ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းများ ချမှတ်ခဲ့ကြောင်း သိရသည်။**(က-ပ)**

လျှပ်စစ်ဓာတ်အားသုံးစွဲသူများအား အသိပေးနှိုးဆော်

ရန်ကုန် ဇူလိုင် ၁၀

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့ထံမှ ဓာတ်အား ဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အား သုံးစွဲသူများ၏ မီတာများကို တာဝန်ကျ မီတာစာရေးများက ဩဂုတ် ၁ရက်မှစ၍ လစဉ်လ၏ ၁ရက်မှ ၅ရက်အတွင်း ပြီးခဲ့သည့်လ၏ သုံးစွဲယူနစ်ကို လာရောက်ဖတ်ခြင်း၊ ၆ရက်မှ ၁၀ရက်အတွင်း ငွေတောင်းခံလွှာများ ပြုလုပ်ပေးပြီး ၁၁ရက်မှ ၁၅ရက်အတွင်း ကျသင့်ငွေတောင်းခံလွှာများ လာရောက်ဝေငှခြင်းများကို ဆောင်ရွက်မည် ဖြစ်သည်။

ထို့ကြောင့် ဓာတ်အားသုံးစွဲသူများအနေဖြင့် လ၏ ၁၆ရက်မှ ၂၅ရက်အတွင်းမိမိတို့ပေးဆောင်ရမည့်ကျသင့် ငွေများကို သက်ဆိုင်ရာမြို့နယ်များရှိ ငွေလက်ခံ ကောင်တာများ၌ သတ်မှတ်ရက်အတိုင်း မပျက်မကွက် လာရောက် ပေးဆောင်ရမည်ဖြစ်ပြီး ၂၆ရက်မှ စတင်၍ သတ်မှတ်ရက်အတွင်း ပျက်ကွက်ပါက ဓာတ်အားဖြတ်တောက်မှု ခံရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများက မီတာများ အလွယ်တကူ ဖတ်ရှုနိုင်ရေး၊ ငွေတောင်းခံလွှာများ လာရောက်ပေးမှုတို့ကို လက်ခံရယူနိုင်ရေးနှင့် ကျသင့်သော ဓာတ်အားခငွေများကို သတ်မှတ်ရက်အတွင်း အချိန်မီ ပေးသွင်းကြရန် လိုကြောင်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရန်ကုန် မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့က အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

ကင်ဆာရောဂါသည်များ ကုသရာ၌ ပျားရည်ကို စမ်းသပ်အသုံးပြု

မန်ချက်စတာကင်ဆာဆေးရုံက ခွဲစိတ်ပြီးလူနာများကို ဆေးကုသရန်အတွက် နယူးဇီလန်နိုင်ငံမှ ပျားရည်များကို မှာယူတင်သွင်းတော့မည် ဖြစ်သည်။

ပျားရည်တွင် ရောဂါပျောက်ကင်းစေသည့် အစွမ်းသတ္တိများရှိသည်ဟု ယုံကြည်ပြီး အာခေါင်နှင့် လည်ချောင်းကင်ဆာဝေဒနာရှင်များအတွက် မန်ချက်စတာမြို့ ခရစ္စတီးဆေးရုံမှ ဆရာဝန်များက အသုံးပြုရန် စီစဉ်နေသည်။

မျှော်လင့်

ကင်ဆာရောဂါသည်များအနေဖြင့် ပျားရည်ကြောင့် အမ်အာရ်အက်စ်အေကူးစက်နိုင်သည့် အခွင့်အလမ်းများ လျော့ပါးနိုင်ပြီး အရောင်လျော့စေနိုင်ကြောင်း ဆရာဝန်များက မျှော်လင့်သည်။

ပျားရည်ကိုမန်ချက်စတာတော်ဝင် ဆေးရုံ၌ ယခင်ကတည်းက ပျားရည်သုတ် အထူးဆေးပတ်တီးများတွင် အသုံးပြုသည်ဆို၏။ ပဋိဇီဝဆေးများကို ခုခံနိုင်သော ကူးစက်မှုများကို ပျားရည်က ကာကွယ်နိုင်ခြင်းရှိ၊ မရှိ ယခုအခါ လူနာ ၆၀ကို စမ်းသပ်လျက်ရှိသည်။

အသုံးပြု

ပျားရည်ကို ဇဖပါး ရောဂါပျောက်သည်ဟု ယုံကြည်သည့် ရှေးအီဂျစ်လူမျိုးများ လက်ထက်ကတည်းကဆေးဝါးအဖြစ် အသုံးပြုလာခဲ့ကြခြင်းဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

ဟာသ်ာတမြို့ မိုးရေချိန် စံချိန်သစ်

ရန်ကုန် ဇူလိုင် ၁၀

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲတွင် ဟသ်ာတမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၇၅ မီလီမီတာ (၆ဒသမ၈၉ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၉နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာ ရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။

ယခင် စံချိန်ဟောင်းမှာ၁၄၅ မီလီ မီတာ (၅ဒသမ၇၁ လက်မ) ဖြစ်ပြီး ၁၉၉၄ခုနှစ် ဇူလိုင်လ ၁၈ရက်တွင် ရှာသွန်းခဲ့ခြင်း ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သတင်း ရရှိသည်။ (သတင်းစဉ်)

ဝါဝသန်ရာသီ

ဝါဝသန်ရာသီမို့ သာကြည်လို့လာပြီ၊ ပြာရီညို့ ဝလာဆီဝယ်၊ စာအညီ ရှုခင်း။

လျှပ်ပန်းက ပြက်သန်းဖြာတယ်၊ ထက်နန်းမှာ ထွန်းထိန်လို့လင်း။

ပုလဲစက်လွှမ်းအခြို၊ ဖျန်းသုန်သုန်လေညင်း၊ နန်းရဂုံပြေအခင်းတွင်ဖြင့်၊ မြေသင်းနံ့ဖြာဖြာ။

ပုန်းညက်ဖူးနွယ်မာလာမှာ၊ ရွှယ်ကာသာ ရှုးချင့်စရာ။

ထူးတင့်တဲ့ စိန္တေယျာမှာ၊ နှိမ်ခြွေကာပဏ္ဏာသလို့ ဝါလရဲ့ ပွဲရက်အခါ၊ နွဲ့လျက်မကွာ။

ကုသိုလ်ထူး စဉ်အလာကို ဆင်ယင်ကာ ကျင်းပ တယ်လေး။ ။

တက္ကသိုလ်တင်ခ

ကေတုမတီငါး/ကြက်မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ငွေရတုအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

တောင်ငူမြို့နယ် ကေတုမတီ ငါးနှင့်ကြက်မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း လီမိတက်၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အသင်း၏ ၂၅နှစ်ပြည့် ငွေရတုအခမ်း အနားကို ဇူလိုင်၇ရက် နံနက်ပိုင်းက အသင်းအစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာသဘာပတိအသင်းဥက္ကဋ္ဌ ဦးစောဝမ်းဒါးဖိုးဖော**(အောက်ပုံ)**က အဖွင့် အမှာစကား ပြောကြားပြီး တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးသိန်းဌေး၊ တိုင်းတိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အေးတို့က ဂုဏ်ပြုစကားပြောကြားကြသည်။

အစီအစဉ်အရ အသင်း ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ အသင်းသား စာရင်းစစ်အစီရင်ခံစာနှင့် ၂၀၀၅-၂၀၀၆နှစ်ချုပ် စစ်ဆေးချက် ဘဏ္ဍာရေး အစီရင်ခံစာတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖတ်ကြားရှင်းလင်းတင်ပြကြပြီး သဘာပတိက အသင်းသားများ၏ ဆန္ဒသဘောထားရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အသင်းသားအထူး လုပ်အားဆု ချီးမြှင့်ငွေ ကျပ် ၁၃၃၈၀၀၀၀၊ ပညာရည်ချွန်ဆုရရှိသူ အသင်းသား အားကစားထူးချွန်ဆုရရှိသူ အသင်းသား သားသမီးခုနစ်ဦးနှင့် သား သားသမီးတစ်ဦးတို့အားဆုများ ပေးအပ်ချီးမြှင့်ရာ ထူးချွန်ဆုရရှိသူ အသီးသီးက လက်ခံရယူကြသည်။

ကေတုမတီ ငါးနှင့်ကြက်မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း လီမိတက်ကို ၁၉၈၁ခုနှစ် ဇူလိုင်၇ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ အသင်းသက်တမ်း ၂၅နှစ်ပြည့်ပြီဖြစ်သည်။ အသင်းသား၅၂ဦးတို့သည် ပြည်သူ့အတွက် ငါးဟင်းတစ်ခွက်တိုးစေရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ နေ့စဉ်ငါးပိဿာချိန်၈၀၀ကျော် ထုတ်လုပ်ကာ ပြည်သူများအား ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ **(က-ပ)**

ကျုံမငေးအသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၀

ကျုံမငေးအသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အသင်းတိုက်၌ ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီမှ ၁၁ နာရီအထိကျင်းပမည် ဖြစ်သည်။ ရန်ကုန်မြို့ သရက်တော မွှာရုံစာသင်တိုက်နှင့် ကျုံမငေးဒေသရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝါဆို သင်္ကန်းများ ဆက်ကပ် လှူဒါန်းမည်ဖြစ်ရာ အသင်းသူအသင်းသားများ၊ မြို့သူမြို့သားများ ကြွရောက်လှူဒါန်း ပူဇော်နိုင်ပြီး သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်သန်း(ငြိမ်း)ဖုန်း-၅၇၈၁၉၇၊ အတွင်းရေးမှူး ဦးမျိုးသန့် ဖုန်း-၅၄၀၈၈၃၊ ဦးစိန်လှုံ ဖုန်း-၃၈၉၃၅၅၊ ဦးခင်မောင်မြင့် ဖုန်း-၂၂၄၃၂၆ နှင့် အသင်းတိုက်ဖုန်း-၂၂၇၅၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေကြီးမှု အန္တရာယ် ကြိုတင် ကာကွယ်

မြတ်ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသတွင် မြေအလှူရှင်ဖြစ်ရေး အခါအခွင့်ကောင်းတစ်ရပ်ကြုံဆုံပြီ

ရန်ကုန် ဇူလိုင် ၁၀

ယနေ့အချိန်အခါသည် ဗုဒ္ဓဘာသာကို ကမ္ဘာအရပ်ရပ်သို့ ထွန်းကားပြန့်ပွားအောင် ကြိုးစားဆောင်ရွက်နေသော ကာလဖြစ်သည်။ ဗုဒ္ဓဘာသာ သာသနာတော်ကြီး နိုင်ငံတကာတွင် နေလိုလလို ထွန်းလင်းတောက်ပလာစေရေးအတွက် နိုင်ငံတော်ကလည်း ဗုဒ္ဓဘာသာ သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူနေကြသော ရဟန်းသံဃာတော်များအား အစွမ်းကုန် ကူညီထောက်ပံ့ ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

ပိုမိုစေလွှတ်

ထိုသို့ ဆရာ ဒကာ လက်တွဲညီညီ ကြိုးစားနိုင်ခဲ့မှုကြောင့် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ အများအပြားပေါ်ထွန်းလာခဲ့ပြီး ပြည်ပ သာသနာပြုရဟန်းသံဃာတော်များကိုလည်း တစ်နှစ်ထက် တစ်နှစ် ပိုမိုစေလွှတ်နိုင်ခဲ့လေသည်။

တဖြည်းဖြည်း များပြားလာသော မြန်မာနိုင်ငံမှ ဘုရားဖူးများနှင့် နိုင်ငံတကာမှ ဘုရားဖူးလာကြသူများအတွက် နေရာထိုင်ခင်း အခက်အခဲရှိလာသဖြင့် ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းနှင့် ကပ်လျက် မြေနှစ်ဧကကို ထပ်မံဝယ်ယူကာ တိုးချဲ့ကျောင်းဆောင်သစ်ကြီး တစ်ကျောင်း ဆောက်လုပ်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာဘုန်း တော် ကြီး ကျောင်း ၏ ပဓာန နာယက ဆ ရာ တော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိ က ဓ ဇ ဦးဉာဏိန္ဒ။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

သတင်းမှတ်စု – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ဝိုင်းဝန်းကြိုးစား

ဗုဒ္ဓသာသနာတော်ကို ပိုမိုထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရာတွင် ယခုအခါ အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့အနီး ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်ထားသော မြန်မာဘုန်းတော်ကြီး ကျောင်းတိုးချဲ့တည်ဆောက်ရေးအတွက် မြေနှစ်ဧကထပ်မံရရှိရေးကို အကျိုးတော်ဆောင် ဆရာတော်များ၊ ဒကာ ဒကာမများက ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်လျက်ရှိသည်။

အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းသည် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် မဇ္ဈိမဒေသဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့် နှစ်ဖာလုံမျှသာကွာဝေးသော နေရဉ္ဇရာမြစ်ကမ်းအနီးတွင် တည်ရှိပြီး လက်ရှိကျောင်းထိုင်ဆရာတော်ကြီးမှာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးဉာဏိန္ဒဖြစ်သည်။

ဆောက်လုပ်မည်

အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာမြန်မာဘုန်းတော်ကြီးကျောင်း၏ အကျယ်အဝန်းမှာ တစ်ဧကခန့်သာရှိရာ

ဗုဒ္ဓဂယာရှိထပ်မံဝယ်ယူမည့် မြေနေရာကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ထိုသို့ မြေနစ်ဧက ထပ်မံရရှိနိုင်ရေး ကြိုးပမ်းရာတွင် တစ်နိုင်ငံလုံးမှ ဗုဒ္ဓဘာသာဝင်အားလုံး၊ လူမျိုးဘာသာမရွေးအားလုံးပါဝင်လှူဒါန်းနိုင်ရန် တာဝန်ယူ ဆောင်ရွက်နေသော ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့်တွင်တည်ရှိသော မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းမှ ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)က "မြေတစ်ပေပတ်လည်ကို ကျပ်နှစ်ထောင်နှုန်းနဲ့ မည်သူမဆို ပါဝင်လှူဒါန်းလို့ရတယ်။ နေ့စဉ်ပိတ်ရက်မရှိ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ နေ့တိုင်း ဒီကျောင်းမှာ လာလှူနိုင်အောင် စီစဉ်ပေးထားတယ်။ ကိုယ်တတ်နိုင်သလောက်လာလှူပါ။ တစ်နိုင်ငံလုံးမှာလည်း ဆက်သွယ်လှူဒါန်းလို့ရအောင် ပြုလုပ်ပေးထားပါတယ်"ဟု ရှင်းပြသည်။

လှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်း လှူဒါန်းနိုင်သည့် ဌာနများနှင့် ပတ်သက်၍ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) က မိန့်ကြားရာတွင် "ရန်ကုန်မှာတော့ ဒီကျောင်းပေါ့၊ မော်လမြိုင်မှာ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် မုပ္ပွန်ရပ်မှာ သီတင်းသုံးတဲ့ဆရာတော် ဦးပဏ္ဍိဝံသ။ ဦးစိုးပိုင် အမှတ် ၂၈၊ မရမ်းချိုလမ်း ရယက(၅)ပုသိမ်မြို့။ ဆရာတော် ဦးပညာသာမိ (တောမှီရဟန်း) တောင်ကလေးဓမ္မရိပ်သာ၊ လှိုင်းဘွဲလမ်း၊ ဘားအံမြို့။ ဦးလှမြင့် (သီရိရတနာ ရွှေဆိုင်) မင်းလမ်း ပြွန်တန်ဆာမြို့။ ဒေါ်မြမြလေး (ဒီပါအေးမြတိုက်) ၂၄/၆၄ ထောင့် မဟာဇေယျာဘုံရပ် မန္တလေး။ ဆရာတော် ဦးနန္ဒိယ (ရွှေတောင်) တိလောကရုံကျောင်း ရွှေတောင်မြို့။ ဦးစိုးဝင်း (J-22၊ နေခြည်လင်းအလှကုန်ဆိုင်) မြို့မဈေး (နာရီစင်အနီး) တောင်ကြီးမြို့။ ဦးမောင်မောင်တာ–ဒေါ်အေးအေးဝင်း ('တာ'ကွမ်းသီးရောင်းဝယ်ရေး) မြို့မဈေးကြီး မကွေးမြို့။ ဦးလှမြင့်–ဒေါ်ကြည်အေး (ဟောင်ကောင်သူစားသောက်ဆိုင်နှင့် ဧည့်ရိပ်သာ) ခေတ္တရာခန်းမရှေ့ ဗိုလ်ချုပ်လမ်း ပြည်မြို့။ ဦးထွန်းမင်း–ဒေါ်ကေလွင် အမှတ် ၃၅၄ မြသန္တာလမ်း အိုးလုပ်အနောက်ရပ် ထားဝယ်မြို့။ ဦးထွန်းရှိန်(သန်းဝင်းရှိန်) အမှတ် ၁၃၈ ကမ်းနားလမ်း အရှေ့ပိုင်းရပ်ကွက် ကျောက်တန်းမြို့။ ဆရာတော် ဦးဇောတိက(မဟာပုညဝမှကျောင်း) မအူပင်လမ်း မြို့မ(၁၁)ရပ်ကွက် မော်လမြိုင်ကျွန်းမြို့နယ်တို့တွင် လှူဒါန်းပါဝင်နိုင်ကြောင်း" ပြောကြားသည်။

မြေအလှူတော်ငွေများရရှိရေး အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)က မြန်မာ့အလင်းသို့ မိန့်တော်မူစဉ်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဗုဒ္ဓဂယာရှိ ယခုထပ်မံဝယ်ယူရရှိမည့်မြေနှစ်ဧကပေါ်တွင် ယခုအခါ အုတ်စည်းရိုးတံတိုင်းကာရံမှုများပြုလုပ်လျက်ရှိပြီး အလှူငွေများပြည့်မီအောင် ရရှိခဲ့ပါက ယခုနှစ်ကုန်တွင် စတင်၍ တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြွက်ကြား

ထိုသို့တည်ဆောက်ရာတွင် နိုင်ငံပေါင်းစုံမှ လာရောက်တရားကျင့်ကြံမည့် ဗုဒ္ဓဘာသာဝင်များ၊ နိုင်ငံတကာမှ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ လာရောက်လေ့လာကြမည့် အခြားဘာသာဝင်သူတော်စင်များနှင့် ဧည့်သည်များအတွက် အလယ်ဗဟိုတွင် ဓမ္မာရုံကြီးတည်ဆောက်ပြီး ပတ်လည်တွင် နားခိုဆောင်များ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းလည်း ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)က မြန်မာ့အလင်းသို့ မြွက်ကြားတော်မူသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြရန် မည်သူမဆို ခုနစ်ရက်သားသမီးတိုင်း အလှူဒါနမျိုးစေ့အဖြစ် မြေတစ်ပေပတ်လည်ကို ကျပ်နှစ်ထောင်နှုန်းဖြင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ ဒဂုံစင်တာနှင့် ကျောချင်းကပ် ဂမုန်းပွင့်ကုန်တိုက်ဘေး အောင်တော်မူလမ်းတွင်ရှိသော မြန်မာဗုဒ္ဓဂယာကျောင်း ဖုန်း–၅၃၇၅၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာ တည်နေရာပြ မြေပုံအညွှန်း။
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန် ငွေများလှူဒါန်းလျက်ရှိ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့မြေဝယ်ယူရန်အတွက် အမှတ် ၉၈ ကမ္ဘာအေးစေတီလမ်း ဗဟန်းနေ ဦးရှိန်မြင့်–သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာရွှေဆိုင်) မိသားစုက အလှူတော်ငွေကျပ် ၁၀သိန်း ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ သီဟသုဓမ္မ မဏိဇောတဓရနှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ရွှေမြင်တင် ဦးညိုထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့မြေ ဝယ်ယူရန်အတွက် တိုက်၂ အခန်း ၅၀၁ မင်္ဂလာဆင်မင်းအိမ်ရာ အလုံနေ ကိုသိန်းလွင်–မခင်စန္ဒီထွေးနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများက အလှူတော်ငွေကျပ် ၅၈၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် ဓမ္မာစရိယ B.Aအရှင်ကောသလ္လ(မြန်အောင်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

11-7 (07).p65 1 1/13/32, 9:00 PM

■ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စစ်မှန်သည့် အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ ပူးပေါင်းပြီး၊ ခေတ်ဟောင်း စနစ်ဟောင်းကနေ ခေတ်သစ် စနစ်သစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း အထင်အရှား မြင်တွေ့ကြရမှာဖြစ်ကြောင်း၊ မှန်ကန်သည့်မူ၊ ပကတိအခြေအနေများအပေါ် အခြေပြုထားသည့် လမ်းစဉ်၊ စေတနာပါပြီး လက်တွေ့ကျသည့် အကောင်အထည်ဖော်မှုများကြောင့် ဘက်စုံ ကဏ္ဍစုံ၌ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း။

အခြေခံအုတ်မြစ်

နိုင်ငံတော်သစ် ထူထောင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အခြေခံအုတ်မြစ်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်မှု၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများရှိရမှာဖြစ်ကြောင်း၊ အခြေခံအုတ်မြစ် ခိုင်မာမှုမရှိလျှင် ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်၍ မရနိုင်ဘူးဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယုံကြည်မျှော်မှန်း

လေ့ကျင့်မှုတိုင်း၌ ကြီးမားလေးနက်သည့် ရည်မှန်းချက်များ ရှိကြစမြဲဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် အမှုဆောင်များအဆင့်မြင့်စီမံခန့်ခွဲရေး အထူးသင်တန်းကိုလည်း ချမှတ်ထားသည့်လုပ်ငန်းစဉ်များကို ကျစ်လျစ်သိပ်သည်းသည့် စည်းလုံးမှုအင်အားနှင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုအားကို ပိုမိုတိုးတက်ရရှိလာစေရန် ယုံကြည်မျှော်မှန်းပြီး ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး အထူးသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အတွင်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးဒေသကြီး ၂၄ ခု၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီးအနေဖြင့်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေရရှိရေး၊ ပညာရည်အဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ စီးပွားရေးဘဝ တိုးတက်စေရေးနှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေးနှင့် ဇီဝလောင်စာဆီရရှိနိုင်သည့် ကြက်ဆူပင်စိုက်ပျိုးရေးတို့ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့်ပူးပေါင်းပြီး စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ ရရှိနေပြီဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသော စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေကြောင်း၊ ပထမအဆင့် အမျိုးသားညီလာခံကြီးကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲနိုင်ရေး ဆောင်ရွက်နေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားများ၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ရေရှည်တည်တံ့ခိုင်မြဲသည့် အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရန် ပြည်တွင်းက စစ်မှန်သည့်အားများဖြင့် တည်ဆောက်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်း၊ နိုင်ငံသားများ၏ ယဉ်ကျေးမှုအစဉ်အလာ၊ နိုင်ငံသားများ၏ ဆန္ဒအပေါ်အခြေတည်ပြီး ပကတိအခြေအနေနှင့်ကိုက်ညီသည့် မူဝါဒလမ်းစဉ် လက်တွေ့ကျသည့် အကောင်အထည်ဖော်မှုများဖြင့်သာ တည်ဆောက်ကြရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံတော်နှင့် နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားအတွက် မိမိနိုင်ငံသားများကသာ အလိုလားဆုံး၊ ပကတိအခြေအနေကို အသိဆုံးဖြစ်သည့်အတွက် သင့်တော်သည့် နည်းလမ်းကို ရွေးချယ်တည်ဆောက်နိုင်စွမ်းရှိမှာဖြစ်ကြောင်း၊ အပြုသဘောဆောင်သည့် အကြံပြုလုပ်ဆောင်မှုများကို ကြိုဆိုရမှာဖြစ်ကြောင်း၊ **ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး မလိုလားသူများ၏ အာဃာတနှင့် ပြောဆိုလုပ်ဆောင်မှုများ၊ မှားယွင်းသည့် သတင်းများအပေါ် သုံးသပ်၊ ဆုံးဖြတ်ချက်များထုတ်ပြီး ဝင်ရောက်စွက်ဖက်မှုများကိုတော့ ဆန့်ကျင်ကန့်ကွက်ကြရမှာဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် နိုင်ငံတော်သစ်ထူထောင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နယ်မြေလူထုနှင့်လက်တွဲပြီး ပါဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း။**

ရှေးရှုဆောင်ရွက်

အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များသည် နိုင်ငံတော်နှင့် အသင်းဝင်များကိုယ်တိုင် ပါဝင်သည့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများကို ကဏ္ဍအသီးသီး၌ ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းဝင်များ၏ လက်တွေ့အကျိုးပြုလုပ်ငန်းတိုင်းကိုလည်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆက်စပ်ရှင်းလင်းပြောကြားရမှာဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များနှင့် လက်တွေ့အကောင်အထည်ဖော်မှုများ ဆက်စပ်နားလည်မှုရှိမှသာ နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုရရှိနိုင်မှာဖြစ်ကြောင်း၊ ဖြစ်ပေါ်တိုးတက်မှုများကိုလည်း အရှိအတိုင်း သိရှိစေရန် ဆောင်ရွက်နေကြရမှာဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်အတွင်း ဖြစ်ပေါ်တိုးတက်မှုများသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်ရှေးရှုနေသည်ကို အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း၊ ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး ပြည်တွင်းပြည်ပအဖျက်သမားများ၏ တည်ငြိမ်မှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးအောင်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပေါ် အခြေခံပြီး တိုးတက်အောင်ဆောင်ရွက်

အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ်က ပေါက်ဖွားလာကြခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ နယ်မြေအသီးသီး၌ ရောနှောပျံ့နှံ့စွာ နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများထဲက ပေါ်ထွက်လာကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပကတိဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများကို မိမိတို့ နယ်မြေ၌ရှိသည့် ပြည်သူများနှင့်အတူ သိမြင် ထိတွေ့ခံစားကြရသူများဖြစ်ကြောင်း၊ အသင်းဝင်များသည် နိုင်ငံတော်သစ်ထူထောင်ရာတွင် အဓိကကျသည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် အသင်းကြီးက ချမှတ်ထားသည့် စည်းကမ်းချက်များအတိုင်း စိတ်ကောင်းစေတနာမှန်နှင့် ပါဝင်ဆောင်ရွက်ကြရန် မိမိတို့၏ဆန္ဒအလျောက် ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပကတိတိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုကို သိမြင် ထိတွေ့ခံစားကြသူများဖြစ်သည့်အတိုင်း မှန်ကန်သည့် ဦးဆောင်မှုအောက်၌ ကျစ်လျစ်သိပ်သည်းစွာဖြင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ယုံသာမက ပြည်သူတစ်ရပ်လုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်လာအောင် စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုသွားကြရမှာဖြစ်ကြောင်း။

တိုးတက်မှုများဖြစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်၍ (၁၂) နှစ်ကျော်သက်တမ်းကို ရောက်ရှိလာပြီဖြစ်ကြောင်း၊ အသင်းကြီးကို စတင်ဖွဲ့စည်းသည့်အချိန်ကစပြီး စနစ်တကျဖွဲ့စည်းမှုနှင့် စီမံဆောင်ရွက်မှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့်က အသင်းဝင်များသည် အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း မိမိတို့နယ်မြေအသီးသီး၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ အမှန်တကယ်ထိရောက်အကျိုးရှိသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုရရှိပြီး နယ်မြေလူထု၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများတွေ တိုးတက်ရရှိခဲ့ကြောင်း၊ အသင်းဝင်အင်အားသည်လည်း ၂၃ ဒသမ ၁ သန်းကျော်အထိ တိုးတက်လာသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

အသင်းဝင်အင်အား တိုးတက်များပြားလာသည်နှင့်အမျှ အသင်းကြီး၏ မှန်ကန်သည့်ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်သည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် ရပ်တည်ပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ပိုမိုတိုးတက် အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်းနှင့် ပေါင်းစုဖွဲ့စည်းထားသည့် အသင်းကြီးအနေနှင့် ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းမြင့်မားမှုသည်လည်း အရေးပါသည့် အချက်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းကြီးအနေနှင့် လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ အရည်အချင်းများ မြင့်မားတိုးတက်လာမှသာ အသင်းဝင်များ၏ စုစည်းညီညွတ်သည့်အားဖြင့် ဖွဲ့စည်းထားသည့် အသင်းအဆင့်ဆင့်အနေဖြင့် မိမိတို့နယ်မြေအကျိုးကို ပိုမိုသယ်ပိုးနိုင်မှာဖြစ်ကြောင်း၊ အသင်းကြီးကဖွင့်လှစ်သည့် သင်တန်းတိုင်းသည် တစ်ဦးချင်း၊ တစ်ယောက်ချင်း အရည်အချင်း မြင့်မားတိုးတက်စေမှာဖြစ်သော်လည်း တစ်ဦးချင်း၊ တစ်ယောက်ချင်းအကျိုးထက် ပြည်သူများ၏ အကျိုးအတွက် အသင်းကြီးက ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်အောင် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်သည်ဆိုသည်ကို ခံယူကြရမှာဖြစ်ကြောင်း။

အမှုဆောင်များစီမံခန့်ခွဲမှု အထူးသင်တန်းတွင် ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်းအရည်အချင်းပြည့်ဝရေး၊ မှန်ကန်သည့်ဦးဆောင်မှုနှင့် နာခံခြင်းအလေ့အကျင့်ကောင်းများရရှိရေး၊ မှန်ကန်သော ဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သောအင်အားစုအဖြစ် အကျိုးပြုနိုင်ရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်အတွင်း ပကတိဖြစ်ပေါ်တိုးတက်မှုအခြေအနေ စသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချသွားကြမှာဖြစ်ကြောင်း။

ပိုမိုတိုးမြှင့်ဆောင်ရွက်

အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး အထူးသင်တန်းသို့ တက်ရောက်လာကြသူများသည် ပြည်နယ်၊ တိုင်း၊ ခရိုင် အသင်းအလုပ်အမှုဆောင်များဖြစ်ကြသည့်အတွက် အသင်းကြီးက ချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မိမိတို့၏ နယ်မြေတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် လက်တွေ့ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံရှိသူများဖြစ်ကြကြောင်း၊ သင်တန်းက ဆွေးနွေးပို့ချမှုများအပေါ် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့်ယှဉ်ပြီး နယ်မြေအကျိုးအတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်အောင် ကြိုးစားသွားကြရမှာဖြစ်ကြောင်း၊ အသင်းကြီး၏ မှန်ကန်သည့်ဦးဆောင်မှုအပေါ် အသင်းအဆင့်ဆင့်နှင့် အသင်းဝင်များက ခံယူပြီး၊ အတွေးအခေါ်ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာညီညွတ်မှု၊ အလုပ်ညီညွတ်မှုများဖြင့် မိမိနယ်မြေဒေသကို အကျိုးပြုနိုင်အောင် လေ့လာကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်သည် ရှေးနှစ်ပေါင်း ထောင်ချီပြီး တိုင်းရင်းသားလူမျိုးစုံညီစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူအခြေချနေထိုင်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်၏သမိုင်းကြောင်း၌ တိုင်းရင်းသားလူမျိုးအချင်းချင်း ဥမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုတို့ဖြင့် ချစ်ကြည်စွာ နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ရှင်သန်မှုများရှိကြပါကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်သည် ဒို့တာဝန်အရေးသုံးပါး၏ အခြေခံဖြစ်ကြောင်း၊ အသင်းဝင်အားလုံးသည် ရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်စေရန်အတွက် စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားလျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူများကြား စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ရေးအတွက်လည်း ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ဆက်လက်ကြိုးပမ်း

စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး စည်းလုံးညီညွတ်ရေးကို မှန်ကန်စွာတည်ဆောက်နိုင်ခဲ့သည့်အတွက် အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ မငြင်းနိုင်သည့် ဖြစ်ပေါ်တိုးတက်မှုများကိုလည်း တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ယင်း ဖြစ်ပေါ်တိုးတက်မှုများသည် လူတစ်ဦးတစ်ယောက်၏ ပြောကြားမှုအပေါ် လိုရာဆွဲပြီး ကောက်ချက်ချသည့် သဘောမျိုးမဟုတ်သည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ ပကတိအခြေအနေမှန်များသာ ဖြစ်သည်ဆိုသည်ကို သိမြင်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ စစ်မှန်သည့်စေတနာနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို နားလည်သဘောပေါက်ပြီး မိမိတို့နယ်မြေအကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရန် ပူးပေါင်းလာကြသူ အများအပြားရှိနေပြီဖြစ်ကြောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းကနေ အင်အားအစုအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်လာမှုများကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အသင်းကြီးအနေနှင့်လည်း နယ်မြေလူထုနှင့်အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

နည်းမျိုးစုံဖြင့် ကြိုးပမ်းမှုများကိုလည်း ဂရုပြုရမှာဖြစ်ကြောင်း၊ ယင်းဆောင်ရွက်မှုများသည် အပြုသဘောမဆောင်သည့် အဖျက်လုပ်ရပ်များဖြစ်သည့်အတွက် ပြည်သူများ အမှန်အတိုင်းသိအောင် ရှင်းပြရန်လိုသကဲ့သို့ ထိပါးနှောင့်ယှက်မှုမှန်သမျှကိုလည်း ကာကွယ်သွားကြရမှာဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားသည်နှင့်အမျှ နိုင်ငံသားများ၏ အကျိုးစီးပွား ပျက်ပြားနိုင်သည့်အတွက် အသင်းကြီးအနေနှင့် တားဆီးကာကွယ်သွားကြရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **ဒို့တာဝန်အရေးသုံးပါးကိုခံယူ ဦးတည်ချက်(၁၂)ရပ်အတိုင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်း ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်ရေးအတွက် ခံယူကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပေါ်အခြေခံပြီး တိုးတက်ဆောင်ရွက်သွားကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား စစ်မှန်သောမျိုးချစ်စိတ်ဓာတ်အစဉ်ရှင်သန်ထွန်းကားပြီး နယ်မြေတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ပိုမိုပူးပေါင်းဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်သွားကြပါ။**
- **အသင်းကြီးကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေအသီးသီး၌ လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်ရင်း ရှေ့လုပ်ငန်းစဉ်များနှင့် လက်တွေ့ ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါ။**
- **တာဝန်၏အရေးပါမှုကို နားလည်သဘောပေါက်စွာဖြင့် အသင်းကြီး၏ ဦးဆောင်မှုကိုခံယူပြီး ကျစ်လျစ်သိပ်သည်းသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် နိုင်ငံအကျိုး၊ ပြည်သူအကျိုး ထာဝစဉ်သယ်ပိုးနိုင်အောင် ကြိုးပမ်းသွားကြပါ** ဟု

တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ပေါင်းတည်မြို့မှ ဘိုးဘွားရိပ်သာ
၇:၁၀	တေးဂီတအစီအစဉ်
၇:၁၅	Sunday Talk
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	ပြည်တွင်းသတင်းအကျဉ်း
၈:၀၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာကောင်းသန့်)
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	မိုးလေသဝခန့်မှန်းချက်
၈:၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **"မြန်မာမျိုးဟေ့ ဒို့ဗမာ"**
၈:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၅	အကအစီအစဉ်
၉:၀၀	သွေးပြန်ကြော အားနည်းရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁)
၉:၁၅	ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (သီရိဂျေမောင်မောင်နှင့် သူမ၏ အနုပညာခရီးလမ်း)
၉:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀	မြတ်နိုးခုံမင်၊ ထုံးဖွဲ့ဆင် မြန်မာမေတို့ရဲ့အလှသဘင်
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	အရည်အသွေးထူးခြား မြန်မာ့ကျောက်မျက်များ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ခေတ်မီစက်များနှင့် ထုတ်ကာထား FAME ဆေးဝါးများ
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	နိုင်ငံတကာအနုပညာရေးရာ
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ညဉ့်၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်း ကုန်ထုတ်စွမ်းအားမြှင့်မားပြီး ကုန်သွယ်မှုများ ပိုမိုလျင်မြန်အကျိုးရှိအောင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း)လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ဥယျာဉ်ခြံမြေသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ တက်ရောက် အမှာစကားပြောကြားကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် ရှမ်းပြည်နယ် (တောင်ပိုင်း)စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းဖြစ်၍ ပြည်နယ်အတွက် အရေးပါသော အစည်းအဝေးဖြစ်ကြောင်း၊ အသင်းခွဲ ဖွဲ့စည်းပြီးပါက နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား မြှင့်မားပြီး ကုန်သွယ်မှုများ ပိုမိုလျင်မြန် အကျိုးရှိအောင် ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက မှာကြားရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ လယ်ယာထွက်ကုန်ကဏ္ဍမှ နှစ်စဉ် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ရှာဖွေပေးလျက်ရှိကြောင်း၊ နိုင်ငံတော် အကြီးအကဲကလည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ၏ လယ်ယာထွက်ကုန် ပြည်ပပို့ကုန်များ လွယ်ကူချောမွေ့စွာ တင်ပို့နိုင်ရေး၊ အင်တော–ကျောက်ဂူ–ကျောက်မဲ ကုန်ထုတ်လမ်းမကြီးကို ဖောက်လုပ်၍ စိုက်ပျိုး မြေဧက တစ်သိန်းခန့်ဖော်ထုတ်လျက် စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရန် အားပေးလမ်းညွှန်ပေးခဲ့ကြောင်း၊ ကုန်သွယ်မှုပမာဏ တိုးတက်ရေးအတွက် တင်ပို့ရောင်းချရန် ကုန်ပစ္စည်းများရှိရန် လိုအပ်ပြီး ဒေသခံတောင်သူ၊ ပွဲရုံပွဲစား၊ ပြည်ပသို့တင်ပို့ရောင်းချသူ Exporter သုံးဦး သုံးဖလှယ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ဈေးကွက်ဝင်သီးနှံများ ရွေးချယ်စိုက်ပျိုး ထုတ်လုပ်ကြရန်လိုကြောင်း၊ ဈေးကွက်သတင်းအချက်အလက်များရအောင် စုဆောင်းပြီး သတင်းဖြန့်ဖြူးပေးရန် ယခုအသင်းအဖွဲ့များက တာဝန်ယူဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ အသင်းများဖွဲ့ကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှသာ တိုးတက်မည်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ကုန်ပစ္စည်း ထုတ်လုပ်၍လည်း ပြည်ပသို့ တိုးချဲ့တင်ပို့ရန်လိုကြောင်း မှာကြားသည်။

ဖတ်ကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံလယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ဥယျာဉ်ခြံမြေ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင် ဦးစိုးသန်းမင်းဒင်၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးပြုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအေးကျော်တို့က အသင်းဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြားအတည်ပြုသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်အိတ်များနှင့် ပညာရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည့် အစီအစဉ်ကို ကျင်းပရာ ရွှေနဂါးမင်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀ သိန်း၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ငွေကျပ် ၁၀ သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆန်အိတ် ၄၀၊ မြန်မာနိုင်ငံ ပဲကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းအောင်က ဆန် ၁၀ အိတ်၊ မြန်မာနိုင်ငံ သစ်ကုန်သည်များ အသင်း ဥက္ကဋ္ဌ ဦးအောင်လွင်က ဆန် ၁၀ အိတ်၊ မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဆန် ၁၀ အိတ်၊ မြန်မာနိုင်ငံ ဆန်စက်ပိုင်ရှင်များအသင်း အလုပ်အမှုဆောင် ဦးဝင်းနိုင်က ဆန် ၁၀ အိတ်၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးပြုံးက ဆန် ၁၀ အိတ်၊ မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆန် ၁၀ အိတ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဥယျာဉ်ခြံမြေ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်း၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းတို့မှ လှူဒါန်းငွေကျပ်နှစ်သိန်းစီ စုစုပေါင်း ငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နယ်မြေတာဝန်ခံ ဗဟိုအလုပ်မှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် နန်းပန်ကျေးရွာသို့ သွားရောက်ပြီး အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ၊ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေ ပေးအပ်ပွဲနှင့်အခြေခံပညာ မူလတန်းကျောင်းများအတွက် စာရေးခုံများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်နာယက တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် အင်းပေါခုံကျေးရွာအုပ်စု စည်းရုံးရေးမှူး ဦးညဏ်ဝင်းက အသင်းဝင် အဆိုပြုလွှာ ၄၇၆ စောင်၊ နမ့်ပန်ကျေးရွာအုပ်စု စည်းရုံးရေးမှူး ဦးအောင်မြင့်က အသင်းဝင်အဆိုပြုလွှာ ၄၂၃ စောင်တို့ကို ပေးအပ်ရာ ညောင်ရွှေမြို့နယ် အသင်းအတွင်းရေးမှူး ဦးစိုးညွှန့်ရွှေက လက်ခံသည်။ ဆက်လက်၍ နန်းပန်ကျေးရွာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ စုပေါင်းအလှူရှင်များက အလှူငွေကျပ်သိန်း ၂၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၀ သိန်းနှင့် ညောင်ရွှေမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းအတွက် တန်ဖိုးငွေကျပ် တစ်သိန်းရှစ်ထောင်ရှိ စာရေးခုံ ၇၂ လုံး၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ်သိန်း ၂၀၊ ပတ္တမြားနဂါးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ငွေကျပ် ၁၀ သိန်း၊ ရွှေနဂါးမင်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀ သိန်း၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းအောင်က ငွေကျပ် ၁၀ သိန်း၊ ဒေသခံပြည်သူလူထု ၂၅ ဦးတို့က ငွေကျပ် ၄၉ သိန်း ခုနစ်သောင်းတစ်ရာတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ ပြည်နယ်အသင်းနာယက တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ညောင်ရွှေမြို့ရှိ ခရမ်းချဉ်သီးပွဲရုံများနှင့် မြင်းစခွဲတောင်ခြေရွာရှိ ပတ္တမြားနဂါးကုမ္ပဏီပိုင် စပျစ်ဝိုင်စက်ရုံများသို့ သွားရောက်ကြည့်ရှု အားပေးခဲ့ပြီး မွန်းလွဲ ၂ နာရီတွင် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ၍ အသင်း၏လုပ်ငန်း ဆောင်ရွက်ချက်များကို ဆွေးနွေးမှာကြားပြီး ခရိုင်အလုပ်အမှုဆောင်များနှင့် ပြည်နယ်အတွင်းရေးမှူး ဦးဉာဏ်လင်းတို့၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ်၌ ကမ္ဘာလှည့်ခရီးသည် တစ်သန်းနီးပါးရောက်ရှိရန်ရည်မှန်း ဝန်ဆောင်မှုလုပ်ငန်းများ အမှန်တကယ်ကျွမ်းကျင်ပိုင်နိုင်အောင် ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် ဗိုင်ယောက်ကန်တော်ကြီးဟိုတယ်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာနတွင် ဖွင့်လှစ်သည့် ဟိုတယ်ဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဗိုင်ယောက်ကန်တော်ကြီးဟိုတယ် မင်္ဂလာခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခုသင်တန်းမတိုင်မီ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာနမှ ဘာသာရပ်ခြောက်ခုအတွက် သင်တန်းသား ၁၇၇၄ ဦး မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် လိုင်စင်ရယူထားပြီး ဟိုတယ်၊ မိုတယ်နှင့်အင်း ၆၀၅ လုံးရှိပြီး အခန်းအရေအတွက်အားဖြင့် ၁၉၂၄၉ ခန်းရှိကြောင်း၊ သို့ဖြစ်၍ လက်ရှိဟိုတယ်အရေအတွက်နှင့် သင်တန်းဆင်းပြီး အရေအတွက် နှိုင်းယှဉ်ကြည့်လျှင် လုံလောက်မှု မရှိသေးကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာအောင် စီစဉ်ဆောင်ရွက်နေရာ ၂၀၀၆ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် တစ်သန်းနီးပါးရောက်ရှိရန် ရည်မှန်းထားကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှလည်း ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်စေရေး၊ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေကြရာ ယခုသင်တန်းတက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း လုပ်ငန်းခွင်တွင် အမှန်တကယ် ကျွမ်းကျင်ပိုင်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်အောင် ဆောင်ရွက်ကြရန်မှာကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသည့်ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ဟိုတယ်ဘာသာရပ်ဆိုင်ရာ သင်တန်းအမျိုးအစားခြောက်ခုအတွက် သင်တန်းသား ၃၉၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁ ရက်က လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းလွင်၊ အမှတ်(၂)ရပ်ကွက် စည်းရုံးရေးမှူး ဦးဉာဏ်ထွန်းနှင့် အသင်းဝင်များ အလက(၁)လှိုင်တွင် သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် စုပေါင်း ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။
(က–ပ)

အလင်းတရားနဲ့ အလင်းတံခါး

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

အလင်းတရား၏ ဂုဏ်ရည်အင်္ဂါရပ်သည် နှစ်ခုရှိ၏။ အနဝဇ္ဇ=အပြစ် ကင်းစင်ခြင်းနှင့် သုခဝိပါက=ကောင်းကျိုးပြန့်ပွားခြင်းတို့ဖြစ်၏။ ယင်း၏ ဆန့်ကျင်ဘက် အမှောင်တရား၌လည်း အင်္ဂါရပ်နှစ်ခုရှိပြန်၏။ သာဝဇ္ဇ=အပြစ်ရှိခြင်းနှင့် ဒုက္ခဝိပါက=ဆိုးကျိုး ပြန့်ပွားခြင်းဖြစ်၏။

အလင်းကို မြတ်နိုးသူသည် အမှောင်နှင့်သံယောဇဉ်ပြတ်၏။ အမှောင်ကိုပင် ကိုယ့်အတွက် အကွယ်အကာတစ်မျိုးဟု ယူဆနေသူသည် အလင်းကိုကြောက်၏။ တကယ်တော့ အလင်းသည်သာ ဘဝ၏ တန်ဖိုးဖြစ်၍ အမှောင်သည်မူ ဘဝ၏ဒဏ်ဆိုးသာဖြစ်ပါလေတော့၏။

(ခ)

“နိုင်ငံတကာကိုကြည့်လျှင် လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေး အကြောင်းအမျိုးမျိုးပြပြီး မြှောက်ပင့်သွေးထိုးမှု၊ သွေးခွဲသပ်လျှိုမှု၊ ဘေးပယောဂများကြောင့် မိမိတို့လူမျိုးအချင်းချင်း အပြန်အလှန် ဆန့်ကျင် သတ်ဖြတ်နေကြသည်များ၊ အကြမ်းဖက်ဖြေရှင်းနေကြသည်များ၊ အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးရသည်များ စသည့် အနိဋ္ဌာရုံမြင်ကွင်းများသည် မိမိတို့အတွက် သင်ခန်းစာယူဖွယ်ရာ သာဓကများပင် ဖြစ်ပါကြောင်း”

“ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးကို လက်နက်ကိုင်ဆန့်ကျင်မှု ဝဲဂယက်မှ အစဉ်ထာဝရလွတ်မြောက်နိုင်စေရန် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုသာ ရည်မျှော်ပြီး ယနေ့ထက်တိုင် ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားဆဲပဲဖြစ်ပါကြောင်း”

ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်
အတွင်းရေးမှူး(၁)
၁၀-၆-၂၀၀၆၊ အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)
ဖွင့်ပွဲမိန့်ခွန်း။

(ဂ)

အမှန်တော့ ပြည်ထောင်စုမြန်မာနိုင်ငံသည် သမိုင်းအစကတည်းက အလင်းလွှမ်း နိုင်ငံသာဖြစ်ခဲ့၏။ ဗုဒ္ဓသာသနာအလင်းနှင့်တကွ ဓမ္မအလင်း အလွှမ်းခြုံဆုံးနိုင်ငံဖြစ်ခဲ့၏။ မင်းနှင့်ပြည်သူ ကြည်ဖြူစွာ ရှေ့သွားနောက်လိုက် အညီညာဆုံးနိုင်ငံဖြစ်ခဲ့၏။ ရတနာသုံးပါး၊ အနန္တငါးပါးနှင့်တကွ ရပ်ရွာအကြီးအကဲ၊ ဒေသအကြီးအကဲ၊ နိုင်ငံအကြီးအကဲများအပေါ် ထားရှိပြီးဖြစ်သော ဂါရဝမင်္ဂလာ၊ ပြည်သူပြည်သားအချင်းချင်း လေးလေးစားစား ဆက်ဆံတတ်ခြင်း နိဝါတမင်္ဂလာ၊ ‘လက်ဖက်တစ်ရိုး၊ ကြံတစ်ချိုးမျှ၊ မြတ်နိုးကြည်ဖြူ၊ ဒါနဟူသည်၊ အလှူကောင်းမှု၊ ရရာပြုလော’ စသည့် ဩဝါဒများအတိုင်း ရက်ရောစွာ ခွဲခြမ်းလှူဒါန်းတတ်ခြင်း ဒါနမင်္ဂလာ၊ စိုက်ပျိုးရေးအခြေခံ တာတမံ ဆည်မြောင်းတို့ကို တည်ဆောက်ကာ ဇွဲ၊ လုံ့လ ဝီရိယတို့ဖြင့် မိမိတို့နိုင်ငံမှာ ဆန်ရေစပါး ပေါများလျှံပယ်အောင် ကြိုးပမ်းလျက် နေပျော်ရာရပ်ဝန်းကြီးတစ်ခု ဖြစ်လာအောင် စွမ်းဆောင်နိုင်ခြင်း၊ ပဋိရူပဒေသဝါသ မင်္ဂလာ၊ အနှောင့်အယှက် အဖျက်အမှောင့်တို့ကို မကြောက်မရွံ့ ရင်ဆိုင်ကျော်လွှားနိုင်စွမ်း နကမ္ပတိမင်္ဂလာ စသည့် မင်္ဂလာအလင်းတန်း ဖြတ်သန်းခြုံလွှမ်းနိုင်ဆုံးနိုင်ငံဖြစ်၏။

သည်အလင်းတန်းတွေအားလုံး ပျက်သုဉ်းဉသုံ ချွတ်ခြုံမှောင်မည်းသွားအောင် အကြံအစည်ရှိရှိဖြင့် နှစ်တစ်ရာတိုင်တိုင် စိတ်ကြိုက်မွှေနှောက် ခြွေဖျောက်ဖျက်ဆီးခဲ့သူ တရားခံများကား နယ်ချဲ့နှင့် နယ်ချဲ့လက်ပါးစေများ၊ နယ်ချဲ့အလိုတော်ရိများဖြစ်ကြကြောင်း သမိုင်းက ပြောပြထားလေပြီ။

“မြန်မာနိုင်ငံဟာ ကိုလိုနီနယ်ချဲ့လက်အောက်ကို နှစ်ပေါင်း ၁၀၀ ကျော်ကျရောက်ခဲ့ရပါတယ်။ ကိုလိုနီနယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်မှု ဒဏ်ကို နှစ်ကာလကြာမြင့်စွာ ခံခဲ့ရလို့ ၁၉၄၈ခုနှစ် လွတ်လပ်ရေး ရရှိချိန်မှာ နယ်ချဲ့ပယောဂစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ သောင်းကျန်းသူမျိုးစုံ ထကြွ သောင်းကျန်းခဲ့ကြပါတယ်။ နှစ်ပေါင်း၄၀ ရှည်ကြာခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကြောင့် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့ပါတယ်။ ဖွံ့ဖြိုးတိုးတက်အောင် မဆောင်ရွက်နိုင်ခဲ့ပါဘူး။

“ဒါ့ကြောင့် ၁၉၅၀ပြည့်နှစ် ကာလတစ်ဝိုက်က အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းအဆင့်ရှိနေခဲ့တဲ့ မြန်မာနိုင်ငံဟာ ၁၉၈၈ ခုနှစ်ကာလ ရောက်ရှိချိန်မှာ ဖွံ့ဖြိုးတိုးတက်မှု အနည်းပါးဆုံး နိုင်ငံအဖြစ်သို့ ကျရောက်ခဲ့ပါတယ်။

“၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်တာဝန်ယူခဲ့ရတဲ့ တပ်မတော်အစိုးရဟာ အဲဒီ အခြေအနေဆိုးမှ ကျော်လွှားလွန်မြောက်နိုင်ဖို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော် တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးခဲ့ပါတယ်။

“တစ်ဆက်တည်းမှာပဲ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို မဖြစ်မနေ တည်ဆောက်ခဲ့ပါတယ်။ လူမျိုးစွဲ၊ ဝါဒစွဲ၊ ပြည်ပအစွဲကင်းတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နဲ့ အခြားအဖွဲ့ငယ်များဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပါတယ်။ ယခုအခါမှာ အဖွဲ့အချို့ဟာ လက်နက်နဲ့ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ်ခဲ့ကြပြီး ဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုတွေ ပိုမို ရရှိခဲ့ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မြဲလာတာနဲ့ အမျှ ယနေ့အခါမှာ တစ်တိုင်းပြည်လုံးနီးပါး တည်ငြိမ်အေးချမ်းလျက်ရှိပြီး အဲဒီဒေသအားလုံး ယခင်ကနဲ့မတူ တစ်မူထူးခြားစွာ ဖွံ့ဖြိုး တိုးတက်အောင် ဖော်ဆောင်ပေးနိုင်လျက်ရှိနေပြီ ဖြစ်ပါတယ်”

ဗိုလ်မှူးချုပ်ကျော်ဆန်း
ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန
၉-၆-၂၀၀၆ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေခရီးစဉ်။

ငြိမ်းချမ်းရေးအလင်းနယ်သို့ ဝင်ရောက်လာကြသည့်အဖွဲ့ (၁၇)ဖွဲ့မှာ ရှမ်း(မြောက်) ငါးဖွဲ့၊ ရှမ်း(တောင်) သုံးဖွဲ့၊ ရှမ်း(အရှေ့)တစ်ဖွဲ့၊ ကယားသုံးဖွဲ့၊ ကချင်နှစ်ဖွဲ့နှင့်ကရင်နီ၊ မွန်၊ ရခိုင်တစ်ဖွဲ့စီတို့ ဖြစ်ကြပြီး ယင်း (၁၇)ဖွဲ့အနေဖြင့် တပ်မတော်အစိုးရ၏ အားပေးစောင့်ရှောက် ချီးမြှောက်မှုတို့ကြောင့် မိမိလူမျိုး၊ မိမိဒေသ၊ မိမိပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နေနိုင်ကြလေပြီ။ အလင်းတရားဟူသော အနဝဇ္ဇ၊ သုခဝိပါက ပြန့်ပွားရေးတို့ကို ဆောင်ရွက်နေနိုင်ကြလေပြီ။

သည်သို့သော အနေအထားကောင်းများ ဖြစ်ထွန်းနေပါလျက် ပြည်ပစွဲ၊ လူမျိုးစွဲလက်နက်ကိုင်သောင်းကျန်းသူအချို့ကား---။

“ပြည်ပစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ဆုပ်ကိုင် ထားမြဲဖြစ်တဲ့ သောင်းကျန်းသူဆိုလို့ KNUလက်ကျန်အဖွဲ့၊ KNPPပြန်ဝင်အဖွဲ့နဲ့ SSA-Sရွက်ဆစ်အဖွဲ့တို့လောက်သာ ကျန်ရှိပါတော့တယ်။ ဒီအဖွဲ့တွေဟာလဲ ပြည်တွင်းမှာ ရပ်တည်နိုင်ခြင်းမရှိဘဲ မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်မှာ ခိုကပ်နေရပါတယ်။ အဓိကအားဖြင့် တစ်ဖက်နိုင်ငံမှာ ဒုက္ခသည်စခန်းလို့ ၎င်းတို့အမည်ခံထားတဲ့ စခန်းတွေမှာ အခြေပြုနေထိုင်ပြီး ပြည်တွင်းကို ဝင်ရောက်နှောင့်ယှက်နေတာ ဖြစ်ပါတယ်။

“တစ်နိုင်ငံလုံးမှာ အဲဒီသောင်းကျန်းသူတွေနဲ့ ဆက်စပ်နေတဲ့ နယ်စပ်ဒေသ အနည်းငယ်သာ မတည်ငြိမ် မဖွံ့ဖြိုးမတိုးတက်ဘဲ ကျန်ရှိနေတာ ဖြစ်ပါတယ်”

ဗိုလ်မှူးချုပ်ကျော်ဆန်း
ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန
၉-၆-၂၀၀၆ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေခရီးစဉ်။

ယင်းလက်တစ်ဆုပ်စာ လက်ကျန် လက်နက်ကိုင် သောင်းကျန်းသူများက တစ်ခါတစ်ခါ ပြည်တွင်းသို့ လျှို့ဝှက်ဝင်ရောက်လာပြီး မြေပေါ်အမာခံများနှင့် ပေါင်းလျက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာနေမှုကြောင့် နယ်စပ်ဒေသခံများ၊ ပြည်နယ်သားများမှာ ယခုအချိန်အထိ အနိဋ္ဌာရုံဝဲထဲ တဝဲဝဲလယ်နေကာ ရုန်းမထွက်နိုင်ဖြစ်နေကြသဖြင့် ယင်းအဖြစ်မျိုးကို ငြီးငွေ့ရွံရှာနေကြလေပြီ။

SSA-Sတို့ကြောင့် ရှမ်း(တောင်)ဒေသအချို့၊ KNPP(ပြန်ဝင်)တို့ကြောင့် ကယားပြည်နယ်ဒေသအချို့၊ လက်ကျန် KNUတို့ကြောင့် ကရင်ပြည်နယ်ဒေသအချို့တို့တွင် တည်ငြိမ်အေးချမ်းမှု မပေါ်ပေါက်နိုင်ဘဲရှိနေရာ ဒေသခံများအဖို့ ပို၍ပို၍ ကျပ်တည်း၊ ပို၍ ပို၍ ဆင်းရဲလျက်သာရှိတော့၏။ တရားခံမည်သူနည်း။

တကယ်တမ်း သောင်းကျန်းမှုဒဏ်ခံစားနေကြရရှာသည့် နယ်စပ်ဒေသ ဒေသခံပြည်သူများသည် မျက်မြင်ကိုယ်တွေ့ အမှန်တရားအရ တရားခံမည်သူဟု ပြတ်သားစွာသိမြင်နေကြ၏။ ဒေသကို ဖျက်ဆီးသူ၊ ဒေသခံတို့၏လူမှုဘဝကို ဖျက်ဆီးသူ၊ ဒေသခံတို့၏လူမှုစီးပွားဘဝကို ဖျက်ဆီးသူ၊ ပြည်နယ်ကို ဖျက်ဆီးသူ၊ နိုင်ငံတော်ကို ဖျက်ဆီးသူ တကယ့်တရားခံ လက်သည် အစစ်အမှန်ကား ထိုသောင်းကျန်းသူများသာတည်းဟူ၍ ကိုယ်တွေ့ သိရှိနေကြလေပြီ။

သို့ဖြစ်လျှင် ထိုတရားခံသောင်းကျန်းသူတို့၏ နောက်ကွယ်ကြိုးကိုင် ဆရာကြီးတွေကကော မည်သူတွေဖြစ်ပါသနည်း။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟူသော ချော့လုံး၊ ပြည်တွင်းရေးကို ကမ္ဘာ့အရေးအဖြစ်လှည့်စားသော ခြောက်လုံးတို့၏ နောက်ကွယ်ဝယ် ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် ဩဇာခံအစိုးရထူထောင်ရေးစီမံချက်တို့ကို အကွက်ကျကျ ကစားတတ်သော အနောက်နိုင်ငံကြီးအချို့နှင့် အနောက်ဆရာကြီးအချို့တို့ပေတည်း။ ၎င်းတို့ကို ဖောင်းတော်ညိတ်၊ စိတ်တော်သိ ဝန်းရံနေကြသည့် လက်ပါးစေပြည်ပြေးတို့ပေတည်း။ လက်ဝေခံ NGO အဖွဲ့တွေနဲ့ အလိုတော်ရိမီဒီယာတို့ပေတည်း။

- ✳ ၎င်းတို့၏နည်းဗျူဟာကား လက်ကျန်သောင်းကျန်းသူများကို စေလိုရာစေစက်ရုပ်အဖြစ် ထုတ်လုပ်နေမှုပေတည်း။
- ✳ ၎င်းတို့၏ မဟာဗျူဟာကား ဩဇာခံအစိုးရ ထူထောင်ရေးပေတည်း။
- ✳ ၎င်းတို့ မသိချင်ဟန်ဆောင်နေရသလောက် အကြောက်တကာ့ အကြောက်ဆုံးသောအရာကား ယနေ့တပ်မတော်အစိုးရနှင့် ယနေ့ပြည်သူ ၅၄သန်းကျော်တို့၏ သိပ်သည်းကျစ်လျစ်သော စည်းလုံးညီညွတ်ခြင်း ‘ပြည်တွင်းအား’ပေတည်း။

ယင်းသို့သော ပကတိအနေအထားတို့ကို စေ့စေ့စပ်စပ် ပြတ်ပြတ်သားသား ကြည်ကြည်လင်လင် ထင်ထင်ထင်းထင်း ရှုမြင်ကြကာ မိမိဒေသအကျိုး၊ မိမိလူမျိုးအကျိုး၊ မိမိပြည်နယ်အကျိုး၊ မိမိနိုင်ငံအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်ရန် မနှောင်းသေးသည့် ယနေ့အချိန်ဝယ် အမှောင်ဘဝ၏ ဒဏ်ဆိုးများ ကျေပျက်၍ အလင်းဘဝ၏တန်ဖိုးများ ဝေလက်လာစေရအောင် အဖြေမှန်ကို ဧကန်ရှာဖွေသင့်ပြီဖြစ်၏။

(ဃ)

အလင်းတရားအောက်ရှိ အလင်းတံခါးပေါက်မှ လှမ်းလျှောက်ဝင်လာခြင်းသည်သာ တစ်ခုတည်းသောအဖြေမှန် ဧကန်ဖြစ်လျက်ရှိပါသတည်း။ ။

တကယ်တမ်း သောင်းကျန်းမှုဒဏ် ခံစားနေကြရရှာသည့် နယ်စပ်ဒေသ ဒေသခံ ပြည်သူများသည် မျက်မြင်ကိုယ်တွေ့ အမှန်တရားအရ တရားခံမည်သူဟု ပြတ်သားစွာ သိမြင်နေကြ၏။ ဒေသကိုဖျက်ဆီးသူ၊ ဒေသခံတို့၏ လူမှုဘဝကို ဖျက်ဆီးသူ၊ ဒေသခံတို့၏ လူမှုစီးပွားဘဝကို ဖျက်ဆီးသူ၊ ပြည်နယ်ကို ဖျက်ဆီးသူ၊ နိုင်ငံတော်ကိုဖျက်ဆီးသူ တကယ့်တရားခံလက်သည်အစစ်အမှန်ကား ထိုသောင်းကျန်းသူများသာတည်း။

ကလေးကင်ဆာရောဂါများ စောစီးစွာရှာဖွေပေးခြင်းလုပ်ငန်း အောင်မြင်စေရေး ပညာပေးခြင်း၊ ကုသခြင်းနှင့် ထောက်ပံ့ပေးမှုများ ဆောင်ရွက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းထံ ရန်ကုန်ကလေးဆေးရုံကြီး၌ တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော ကင်ဆာရောဂါဝေဒနာရှင် ကလေးသူငယ်များနှင့် ဆေးရုံဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကလေးသူငယ်ကင်ဆာရောဂါများဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဇူလိုင် ၈ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး ပြင်ပလူနာဌာန၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံတွင် ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်(၁၅)ရပ်တွင်ပါဝင်သည့် ကလေးကင်ဆာရောဂါများ စောစီးစွာရှာဖွေကုသပေးခြင်းလုပ်ငန်းစဉ်အောင်မြင်စေရေးအတွက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ ပညာပေးခြင်း၊ ရောဂါရှာဖွေခြင်း၊ ကုသခြင်းနှင့် ထောက်ပံ့မှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီးမှ သွေးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးခိုင်၊ ကျောက်ကပ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာရီရီခင်နှင့် ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ မြမြအေးတို့က ကလေးသူငယ်များ၌ ဖြစ်ပွားသော ကင်ဆာရောဂါများနှင့် ပတ်သက်၍ ပညာပေးရှင်းလင်းဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စေတနာရှင်အလှူရှင်များက ရန်ကုန်ကလေးဆေးရုံကြီး၌ တက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြသော ကင်ဆာရောဂါဝေဒနာရှင် ကလေးသူငယ်များနှင့် ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ငွေကျပ် နှစ်သိန်း၊ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွန့် မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးတင်မောင်(စန္ဒီပရဆေး မိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ ဒေါ်မြရှင်(ပုလဲရတနာ ရောင်းဝယ်ရေးလုပ်ငန်း)က ငွေကျပ်သုံးသိန်း၊ ဒေါ်နီလာရွှေ (ကြာငါးခိုင်သက်န်းတိုက်)၊ မုဒုံမောင်မောင်–ဒေါ်သန်းသန်းဦး မိသားစုနှင့် သီရိသုမေ္ဘသီဂီ ဒေါ်အေးမြတ်နွယ်တို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါက်တာ ကိုကိုကြီး–ဒေါ်မိုးမိုး(Diamond Star Co., Ltd) က ငွေကျပ် ၁၅၀၀၀၀၊ ဒေါ်သန်းသန်းရီ(ပုဂံပြည်သား)၊ ဦးတင့်လွင်၊ ဦးရန်အောင်၊ ဦးသိန်းလှိုင်၊ ဦးဝင်းမောင် (ယူပီဂျီ)၊ MNM Gano Trading Travelling ဦးစိုးမြင့်အောင်(သံလင်းတူ ကုမ္ပဏီ)၊ ဦးမှူဆာ အေမားဒါး(နတ်မောက်ဆောက်လုပ်ရေး)၊ ဦးစိုးမြင့်အောင် (နိုကာ သောက်ရေသန့်)၊ ဦးကြူးခင် (မိုးသယ်ယူပို့ဆောင်ရေး)၊ ဦးထွန်းဦး–ဒေါ်အမာ (မိသားစု)၊ ဦးငြိမ်း–ဒေါ်အုံးကြင်(အိုကေဆန်ပွဲရုံ)၊ ဦးသာခင်(ကုန်းမြင့်ရိပ်သာ စားသောက်ဆိုင်)၊ ဘုရင့်နောင် ဈေးသာယာရေးကော်မတီ၊ လသာမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့၊ ဦးရွှေကြိုင်(ဥက္ကဋ္ဌ၊ ဝါဝါဝင်းဆောက်လုပ်ရေး)၊ RV Management Services Co., Ltd၊ ဒေါက်တာစိန်ဝင်း(United ဆောက်လုပ်ရေး)၊ ဒေါ်သန်းနု(ဒေါ်နု အလှူမင်္ဂလာ ပစ္စည်းမျိုးစုံအငှားဌာန)၊ မြန်မာနိုင်ငံ ဆန်စက်ပိုင်ရှင်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၊ ရှိုင်းဟုတ်ကုမ္ပဏီ၊ ရန်ကုန်အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းနှင့် ဦးမျိုးအောင်–ဒေါ်ခင်ရီမွန် မိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ ဒေါ်ဒါလီဆွေ မိသားစုက ငွေကျပ် ၉၀၀၀၀တန်ဖိုးရှိ အရုပ်မျိုးစုံ အပါအဝင် အလှူရှင် ၅၁ဦးက စုစုပေါင်း အလှူငွေကျပ် ၅၄၄၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား နိုင်ငံခြားကုမ္ပဏီဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား Sinosteel Sichuan Co., Ltdမှ Mr. Shuangchun Baoနှင့် အဖွဲ့သည် ဇူလိုင် ၇ရက် ညနေ ၃နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ရုံထုတ် ဆေးဆိုးပန်းရိုက်ထည်များ ဒီဇိုင်းလှပဆန်းသစ်ရေး ဆန်းသစ်တီထွင် ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက် မြင်းခြံစက်မှုဇုန်မှ နိုင်ငံတော်ခွင့်ပြုထားသောယာဉ်များ တိုးချဲ့ထုတ်လုပ်

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးတင်မောင်ဦး၊ မြင်းခြံခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်အတူ ဇူလိုင် ၈ရက် နံနက် ၇နာရီတွင် မန္တလေးတိုင်း မြင်းခြံမြို့အနီး ဆားခါးကွင်းအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြင်းခြံမြို့နယ် ခြစည်းရိုးကြက်ဆူစိုက်ခင်း ဧက ၁၁၀အနက် ၄၂ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၅၀၅၂၉ပင်စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ငွေးပင်ရိုး မြောက်ကွင်းအနီး စိုက်ကေရှစ်ကေအတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော တစ်အုပ်တစ်မစိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် ၉၆၀၀၏ ရှင်သန်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြားသည်။

ဆန်းသစ်တီထွင်

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းသည် နံနက် ၇နာရီခွဲတွင် မြင်းခြံမြို့ မြန်မာ့အထည် အလိပ်လုပ်ငန်း အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံရှိ ဆေးဆိုးပန်းရိုက်အလုပ်ရုံသို့ ရောက်ရှိပြီး စက်ရုံထုတ် ဆေးဆိုးပန်းရိုက်ထည်များကိုလည်းကောင်း၊ အဖြူချွတ် ဆေးဆိုးခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အနံဆန့်ခြင်းလုပ်ငန်းနှင့် ပန်းပုံရိုက်ခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး အဆင်ဒီဇိုင်း အရောင်များ လှပ ဆန်းသစ်ရေးအတွက် ဆန်းသစ် တီထွင်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရက်ကန်းအလုပ်ရုံသို့ ရောက်ရှိပြီး ကော်တင်ခြင်းလုပ်ငန်းများ၊ ကော်တင်ပြီး ချည်ခင်များ၊ ချည်ကတော့စက်၏ချည်မျှင်ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရက်ကန်းစက်စင်၂၀၀၏ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ကော်စီကော်ခြင်းလုပ်ငန်းများ၊ ပိတ်စစ်ခြင်းလုပ်ငန်းများနှင့် စက်ရုံဝန်းကျင်ကို စစ်ဆေးကာ ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်သွားရေး၊ စက်ရုံဝန်းကျင် သာယာလှပရေး ဆောင်ရွက်သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းသည် မြင်းခြံစက်မှုဇုန်၌ စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြင်းခြံ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်း၊ မြင်းခြံမြို့နယ် ဆက်သွယ်ရေး အော်တိုအိတ်ချိန်း တာဝန်ခံ ဒေါ်ငြိမ်းချမ်းသွေးနှင့် မြင်းခြံစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှသန်းတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းသည် မြင်းခြံစက်မှုဇုန်ထုတ် မြေလတ်ဂျစ်များ၊ Light Truck များကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်က ခွင့်ပြုထားသော မော်တော်ယာဉ်များ တိုးတက်ထုတ်လုပ်သွားရေးမှာကြားသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် ဦးအေးမောင် ရှမဝသံရည်ကျို စက်ရုံသို့ ရောက်ရှိကာ သံရည်ကျို ပုံလောင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ ပုံလောင်းပြီး စက်အရန် ပစ္စည်းများကို အချောကိုင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် အသင်းရုံး အစည်းအဝေးခန်းမ၌ မြင်းခြံခရိုင်နှင့် မြို့နယ်၊ နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ကျေးရွာ ရပ်ကွက်များမှ စည်းရုံးရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေး၊ အရည်အချင်း အရည်အသွေး ပြည့်ဝသော စည်းရုံးရေးမှူးကောင်းများဖြစ်ရန် လေ့ကျင့်ပျိုးထောင်သွားရေး အသေးစိတ် ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၁၀နာရီခွဲတွင် မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြင်းခြံခရိုင်နှင့် မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများ၏တင်ပြချက်အပေါ် ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဦးအောင်သောင်းက ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် နံနက်၁၁ နာရီခွဲတွင် မြင်းခြံ စက်မှုလက်မှုသိပ္ပံကျောင်း၌ ကျင်းပသော အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲသို့ တက်ရောက်သည်။

ထို့နောက် မြင်းခြံစက်မှုလက်မှုသိပ္ပံကျောင်း ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၇၁၀တို့ ကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးစည်သူဟန်က ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းထံ အဆိုပြုလွှာ ပေးအပ်သည်။

ယင်းနောက် မြင်းခြံမြို့နယ် အတွင်းရှိအမကကျောင်းများ၊ အလကကျောင်းများအတွက် လိုအပ်သည့် ကျောင်းသုံးပရိဘောဂများ၊စာသင်ခုံနှင့် ထိုင်ခုံများအတွက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေကျပ် ဆယ်သိန်းကို မန္တလေးတိုင်း အသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက မြင်းခြံခရိုင် အသင်း အတွင်းရေးမှူး ဦးအောင်ဇံထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းထံ မြင်းခြံစက်မှုကြီးကြပ်မှုကော်မတီက လှူဒါန်းငွေကျပ် ၂၂သိန်း၊ မြင်းခြံမထသနှင့် မော်တော်ယာဉ်အသင်းများက လှူဒါန်းငွေကျပ်ခြောက်သိန်း၊ မြင်းခြံမြို့ မြို့မိမြို့ဖများနှင့်လုပ်ငန်းရှင်များက လှူဒါန်းငွေကျပ် ၁၆သိန်း ငါးသောင်းလေးထောင်၊ကြက်သွန်နီကုမ္ပဏီက လှူဒါန်းငွေ ကိုးသိန်းခြောက်သောင်း၊ ဦးစိန်အောင်(အောင်နည်းပြ)က လှူဒါန်းငွေကျပ်သုံးသိန်း၊ ဦးရန်နိုင်–ဒေါ်ခင်သန်းထွေး (ရွှေပြည်စိုးပွဲရုံ)က လှူဒါန်းငွေကျပ်နှစ်သိန်း၊ မြင်းခြံစက်မှုလက်မှုသိပ္ပံမိသားစုက လှူဒါန်းငွေကျပ်တစ်သိန်း၊ စိန်ကမ္ဘာဦးရှိန်–ဒေါ်သန်းမြင့်က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀အတွက် လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ကျောင်းသုံးပရိဘောဂအတွက် လှူဒါန်းငွေ ကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် ၇၂၁၄၀၀၀ကို ပေးအပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဆွေးနွေး

ဇွန် ၂၈ရက်က မရမ်းကုန်း မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို အမှတ်(၈)ရပ်ကွက် စာကြည့်တိုက်၌ ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

လယ်/ဆည်ဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၉ရက် နံနက်၁၀နာရီက နေပြည်တော်ရှိဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာကျောင်းတိုက် ဆရာတော်ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်တို့အား ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဇနီးဒေါ်နီနီဝင်းနှင့် ဝန်ထမ်းမိသားစုတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနား အပြီးတွင် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ပထမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၉ရက် (ဝါဆိုလပြည့်နေ့) နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အောင်မင်္ဂလာ ပါဠိတက္ကသိုလ်ကျောင်း တိုက်၏ တိုက်အုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ဝန်ကြီးဌာန အောက်ရှိဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် ပရိသတ်တို့က အောင်မင်္ဂလာပါဠိတက္ကသိုလ်ကျောင်းတိုက်၏ တိုက်အုပ်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်၊ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် အောင်မင်္ဂလာ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ တိုက်အုပ်ဆရာတော်ထံမှ ဝန်ကြီးနှင့် ပရိသတ်တို့က သာဓုအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ကမ္ဘာ့ဖလားကို ကိုင်မြှောက်နေသော အီတလီနည်းပြ မာဆယ်လိုလစ်ပီ၏ အောင်ပွဲခံအပြုံး။ (ဓာတ်ပုံ-အင်တာနက်)

✡ ကျောဖုံးမှ

အီတလီအသင်းသည် ဂျာမနီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည်။ ပြင်သစ်အသင်းသည် ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် အီတလီအသင်းနှင့်ပြင်သစ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ အီတလီက ပိုင်နယ်တီငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ အီတလီအသင်းသည် နောက်ဆုံးဗိုလ်လုပွဲ၌ အနိုင်ရရှိခြင်းမှာ ဇီဒန်းထွက်သွားရခြင်းနှင့် အွန်နရီတို့ လူလဲကစားခဲ့ခြင်းကြောင့် အားသာချက်ဖြစ်ခဲ့သည်။

ယင်းနောက်ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကမ္ဘာ့ဖလားကျင်းပရေးအဖွဲ့ ဖီဖာက ဒိုင်လူကြီးအကောင်းဆုံးဆုရသူများကို ဦးစွာ ပထမဆုချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဒုတိယဆုရရှိသည့် ပြင်သစ်အသင်းနည်းပြနှင့် ကစားသမားများကို တစ်ဦးချင်း ငွေတံဆိပ်ဆုများ ချီးမြှင့်ပေးအပ်သည်။ ကမ္ဘာ့ဖလား ဗိုလ်မစွဲ၍ မပျော်နိုင်သည့် ပြင်သစ်ကစားသမားများနှင့်နည်းပြအား ဖီဖာအဖွဲ့ တာဝန်ရှိသူများက နှစ်သိမ့်စကားများ ပြောကြားကာ အားပေးရာသည်။

ထို့နောက် ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော အီတလီကစားသမားများနှင့် နည်းပြအား တစ်ဦးချင်းရွှေတံဆိပ်များ ချီးမြှင့်ပေးသည်။ ထိုအတောအတွင်း စားပွဲပေါ်တွင်တင်ထားသော ကမ္ဘာ့ဖလားဆုတံဆိပ်ကို အီတလီကစားသမားများက လက်ဖြင့်ကိုင်ကြည့်သူကကြည့်၊ နမ်းကြည့်သူကနမ်းကြဖြင့် အာသာငမ်းငမ်းပျော်မြူးနေကြသည်။

အီတလီအသင်းသည် ၁၉၃၄၊၁၉၃၈နှင့် ၁၉၈၂ခုနှစ်တို့တွင် ဗိုလ်စွဲခဲ့ပြီးဖြစ်၍ ယခုဖလားသည် စတုတ္ထမြောက်ဖလားဖြစ်သည်။

ကွင်းလုံးပြည့်ဖွေးဖွေးလှုပ်

ယင်းနောက် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက တရားဝင်ဆုဖလားကြီးကို ချီးမြှင့်ပေးလိုက်ချိန်တွင်မူ ဆုချီးမြှင့်ရေးစင်မြင့်အနီးမှ အဖြူရောင်စက္ကူပန်းများပစ်ဖောက်လိုက်ရာ ကွင်းလုံးပြည့် ဖွေးဖွေးလှုပ်သွားလေသည်။

ထိုအတောအတွင်း အီတလီအသင်းခေါင်းဆောင် ကင်နာဗာရိုနှင့် ကစားသမားများက ဆုဖလားကြီးကို ကိုင်မြှောက်လျက် ကွင်းအတွင်းလှည့်လည်ပြေးလွှားကာ အောင်ပွဲခံကြလေသည်။ ထိုအချိန်တွင်မီးကျည်မီးပန်းများပစ်ဖောက်၍ကောင်းကင်ယံတစ်ခွင်လုံး အလှပန်းများဝေဆာလျက် ၂၀၀၆ခု ကမ္ဘာ့ဖလား နိဂုံးကမ္ပတ် အဆုံးသတ်လေတော့သည်။ ။ **(အင်တာနက်)**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ဗိုလ်လုပွဲနှင့် ပိတ်ပွဲ အခမ်းအနားကျင်းပရာ အိုလံပီယာအားကစားကွင်းကြီးကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

မြားပစ်ပြိုင်ပွဲနှင့်မြားပစ်ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့် မြားပစ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင့်ဆန်း (ACE ဆောက်လုပ်ရေးကုမ္ပဏီ)၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက် ညွှန်ကြားရေးမှူး၊ အား/ကာ) နှင့် အမှုဆောင်များတက်ရောက်ကြည့်ရှု အားပေးကြသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အား/ကာ ညွှန်ကြားရေးမှူး ဦးနော်တောင်၊ အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက Recurve ပြိုင်ပွဲနှင့် Compound ပြိုင်ပွဲဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားများ ချီးမြှင့်သည်။

အတိုးတက်ဆုံးဆု

ထို့နောက် အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အတိုးတက်ဆုံးနှင့်အကောင်းဆုံး အားကစားသမားဆုရ အမျိုးသား၊ အမျိုးသမီး အားကစားသမားများအား ဆုချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့ အမေရိကန်ဒေါ်လာ ၄၀၂၂ တန်ဖိုးရှိ မြားနှင့်မြားပစ် အပိုပစ္စည်းများကို ကိုရီးယားလူငယ် လုပ်အားပေးနည်းပြ Mr.Lee Seung Min က ပေးအပ် လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်က လက်ခံယူခဲ့သည်။ **(မြန်မာ့အလင်း)**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

အီတလီအသင်း ကမ္ဘာ့ဖလားစတုတ္ထအကြိမ် ပိုလ်စွဲသွားပြီ

တင်ပြသူ **မြင့်မောင်စိုး**

ဘာလင် ဇူလိုင် ၁၀

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ဗိုလ်လုပွဲကို ဇူလိုင် ၉ရက်ညပိုင်းက အီတလီအသင်းနှင့် ပြင်သစ်အသင်းတို့သည် ဘာလင်မြို့ အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပုံမှန်ကစားချိန်နှင့် အချိန်ပိုမိနစ်၃၀တွင် တစ်ဂိုးစီသရေကျနေ၍ ပိုင်နယ်တီကန်သွင်းပြီး ဆုံးဖြတ်ခဲ့ရာ အီတလီအသင်းက ပိုင်နယ်တီ ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဖလားဆုကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးသွားပြီဖြစ်သည်။

အနိုင်ဂိုးသွင်း

ပြင်သစ်အသင်းမှ ဒေးဗစ်ထရက်ဇီဂေး ကန်သွင်းသည့် ပိုင်နယ်တီမှာ ဂိုးဘားတန်းထိပြီး ပြန်ထွက်လာပြီးနောက် အီတလီအသင်းမှ ဂရော့စ်ဆိုက အနိုင်ဂိုး သွင်းပေးနိုင်ခဲ့သည်။

ပြိုင်ပွဲမှထွက်ရ

အချိန်ပို ဒုတိယပိုင်း ၁၅မိနစ်ကစားရာတွင် ပြင်သစ်ကစားသမားကြီး ဇီဒန်းသည် အလွန်အားပြင်းသော ခေါင်းတိုက်ဂိုးသွင်းယူခဲ့ရာ အီတလီဂိုးသမား ဘတ်ဖွန် လက်နှင့်ပုတ်၍ ကာကွယ်လိုက်နိုင်သည်။ ဇီဒန်းသည် ဘောလုံးကိုသာ ခေါင်းတိုက်ကောင်းသည့် ကစားသမားမဟုတ်၊ အီတလီနောက်တန်းလူ မာတာရာဇီကိုလည်း ခေါင်းဖြင့် ရင်ဘတ်တည့်တည့်ဆောင့်တိုက်ခဲ့ရာ ခေါင်းတိုက်ကောင်းသည့် ဇီဒန်း အနီကတ်ရပြီး ပြိုင်ပွဲမှထွက်ရလေသည်။

အားလျော့ခဲ့

ဇီဒန်းမထွက်မီ အွန်နရီသည် အလွန်ပင်ပန်းနေသဖြင့် ပွဲချိန် ၁၀၇ မိနစ်တွင် ဝီးတော့ဒ်နှင့် လူလဲကစားခဲ့သည်။ ပြင်သစ်အသင်းတွင် အလွန်အားထားရသည့် ဇီဒန်းနှင့် အွန်နရီ ထွက်ကုန်ကြပြီဖြစ်၍ ဗိုလ်စွဲနိုင်ရေး မျှော်လင့်ချက် အားလျော့ခဲ့ရသည်။

ခဲလေသမျှသဲရေကျ

ထို့ကြောင့်လည်း ပိုင်နယ်တီငါးလုံးစီ ကန်သွင်းချိန်တွင် ယင်းတို့နှစ်ဦးမပါဝင်ခဲ့၍လည်း ပြင်သစ်အသင်းအရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ တစ်နည်းအားဖြင့် ဇီဒန်းသည် ကမ္ဘာ့ဖလားအပြီး နိုင်ငံတကာ ကစားသမားအဖြစ်မှ အနားယူရာတွင် အနီကတ်ဖြင့် အနားယူသွားရသည်။ ကမ္ဘာ့ဖလားပွဲစဉ်များတစ်လျှောက် ဇီဒန်း၏ ကြိုးပမ်းချက်များသည် ကမ္ဘာ့ဖလားပွဲပြီးရန် နောက်ဆုံးမိနစ်ပိုင်း ကာလကို ဒေါသအရှိန်မငြိမ်းသတ်နိုင်ခဲ့၍လည်း ခဲလေသမျှသဲရေကျ ဖြစ်ခဲ့ရသည်။

ထိုနေ့က ပြင်သစ်အသင်း၏ ကစားကွက်များသည် အကြိုဗိုလ်လုပွဲကာလက ပေါ်တူဂီအသင်းနှင့် ကစားသည့်ပွဲထက် အလွန်ကောင်းသည့် ခြေစွမ်းရှိသည်။

ပိုင်နယ်တီပေး

ပထမပိုင်းပွဲစပြီး ခုနစ်မိနစ်အကြာတွင် ပြင်သစ်ကစားသမား မာလောက်ဒါ အီတလီဂိုးဧရိယာအတွင်း ဘောလုံးဆွဲပြေးစဉ် မာတာရာဇီနှင့် ထိပြီး လဲကျသဖြင့် ဒိုင်လူကြီးက ပိုင်နယ်တီပေးရာမှ ပြင်သစ်တို့ ဂိုးစသွင်းနိုင်ခဲ့သည်။ ယင်းပိုင်နယ်တီကို ဇီဒန်းက ကန်သွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ပွဲချိန် ၁၉မိနစ်တွင် အီတလီ နောက်တန်းလူ မာတာရာဇီက ပီယာလို၏ ထောင့်ကန်ဘောမှ တစ်ဆင့်ခေါင်းတိုက်ချေပဂိုး သွင်းယူခဲ့သည်။ ဤသို့ဖြင့် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေခဲ့သည်။ အချိန်ပို မိနစ် ၃၀ ကစားသော်လည်း အနိုင်ဂိုးမသွင်းနိုင်ကြ၍ ပိုင်နယ်တီကန်သွင်းခဲ့ရသည်။

အီတလီအသင်းမှ နောက်ဆုံးပိုင်နယ်တီ ဂိုးသွင်းလိုက်ချိန်တွင် အပြာရောင် အီတလီကစားသမားများ ကွင်းအတွင်း တစ်ဟုန်ထိုးပြေးလွှားကာ အောင်ပွဲခံကြသည်။

အီတလီကစားသမားများနှင့်အတူ နည်းပြနှင့် အုပ်ချုပ်သူများ အားလုံး ကွင်းလုံးပြည့် ကခုန်မြူးထူး အောင်ပွဲခံနေသကဲ့သို့ကွင်းအပြင်ဘက်မှအီတလီဘောလုံး ပရိသတ်များကလည်း အီတလီအလံများ ဝှေ့ယမ်း၍လည်းကောင်း၊ လက်ခုပ် လက်ဝါးများတီး၍လည်းကောင်း အောင်ပွဲခံခဲ့ကြသည်။ ။ **(အင်တာနက်)**

ခေါင်းဖြင့်တိုက်

ဇီဒန်းက မာတာရာဇီကို ဤသို့ ခေါင်း ဖြင့် တိုက် ချ လိုက်သည်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

အီတလီ အောင်ပွဲခံ

ဂရော့စ်ဆို၏ ပိုင်နယ်တီ အနိုင်ဂိုး သွင်း အ ပြီး အောင် ပွဲ ခံ နေ သော အီတလီ က စား သ မား များ။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆက်တွဲသတင်းများ

အနီကတ်ဖြင့် နှုတ်ဆက်ခဲ့သည့် ဇီဒန်း

ဘာလင် ဇူလိုင် ၁၀

ပြင်သစ်အသင်းကို ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် ဇီဒန်း၊ ယခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ပြင်သစ်အသင်းကို နောက်ဆုံးဗိုလ်လုပွဲရောက်အောင် စွမ်းစွမ်းတမံ ကြိုးစားပေးခဲ့သော ဇီဒန်းတစ်ယောက် ဘောလုံးသမားသမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးနှင့် ရှက်ဖွယ်ရာ အကောင်းဆုံး အပြုအမူကို ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲ၌ လုပ်ဆောင်လိုက်ရာ ကမ္ဘာ့ဘောလုံးပရိသတ်ကြီး အံ့သြမှင်သက်မိသွားလေသည်။

နောက်ဆုံးဗိုလ်လုပွဲ၌ စောစောစီးစီး ရရှိသည့် ပိုင်နယ်တီဘောလုံးကို တည်တည်ငြိမ်ငြိမ်ဖြင့် ကန်သွင်းယူခဲ့ပြီး တက်တက်ကြွကြွကစားနေခဲ့သော ဇီဒန်းသည် ပွဲချိန် မိနစ်၉၀ကစားခဲ့ပြီးနောက် အချိန်ပိုကစားစဉ် အီတလီနောက်ခံလူ မာတာရာဇီ၏ ရင်ဘတ်သို့ ၎င်း၏ဦးခေါင်းဖြင့် မိမိရရပစ်တိုက်လိုက်ရာ မာတာရာဇီ လဲကျသွားခဲ့ရသည်။

ဇီဒန်း အနီကတ်ဖြင့် နှုတ်ဆက်ထွက်ခွာခဲ့ရာ၌...။

အာဂျင်တီးနား ကွင်းလယ်ဒိုင်လူကြီးက အကူဒိုင်များ၏အမြင်များကို မေးမြန်းပြီး ချက်ချင်း အနီကတ်ပြထုတ်ပစ်ခဲ့ရာ ကမ္ဘာ့ဖလားဘောလုံးပွဲကို နောက်ဆုံးကစားသည့် ဇီဒန်းအနီကတ်ဖြင့် နှုတ်ဆက်ထွက်ခွာခြင်း ဖြစ်ခဲ့ရသည်။

အမှန်မှာ ဇီဒန်းအား မာတာရာဇီက ပြေးလွှားကစားရင်း ဇီဒန်း၏ နာကျင်နေသောလက်မောင်းကို ဆတ်ခနဲဆွဲချခဲ့ခြင်းကြောင့် စိတ်မထိန်းနိုင်ဘဲ ယခုကဲ့သို့ စိတ်လွတ်ကိုယ်လွတ် တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း ဇီဒန်းက ပြောကြားခဲ့သည်။ ထို့အပြင် မာတာရာဇီက မိမိအားမခံချင်အောင် အနားကပ်ပြောဆိုခဲ့သည်ဟုလည်း ဇီဒန်းက ပြောကြားသည်။

ယခုကဲ့သို့ မိမိနောက်ဆုံးကစားသည့် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်၌ အနီကတ်ပြ အထုတ်ခံရခြင်းအတွက် ထိခိုက်ခဲ့ရကြောင်း၊ တစ်သက်လုံး ခံစားရမည်ဖြစ်ကြောင်း၊ မိမိလုပ်ရပ်အတွက် ကမ္ဘာ့ဘောလုံးပရိသတ်အား တောင်းပန်ပါကြောင်း ပြောကြားခဲ့သည်။

ဇီဒန်းသည် ၁၉၇၂ခုနှစ် ဇူလိုင်၂၃ရက်တွင် မွေးဖွားသူဖြစ်ပြီး ယခုအခါ ရီးရဲမက်ဒရစ်အသင်း၌ ကစားနေသူဖြစ်သည်။ နိုင်ငံတကာ ဘောလုံးပွဲစဉ်များ၌ အသင်းခေါင်းဆောင်အဖြစ် ၁၀၈ပွဲ ကစားခဲ့ပြီး ဂိုးပေါင်း ၃၁ဂိုး သွင်းခဲ့သူ ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့လိုသည့် စီရိုနယ်ဒို (မန်ယူ)။



ရွှေဖိနပ်ဆုရှင်

ရွှေဖိနပ်ဆု ရရှိ သွား သည့် ဂျာမနီ တိုက်စစ်မှူး ကလိုဆေး။

ယခုအခါ ဇီဒန်း၏ နိုင်ငံတကာဘောလုံးသမားဘဝကို အနီကတ်ဖြင့် ဇာတ်သိမ်းခဲ့ပြီဖြစ်ပြီး ယခုဇာတ်ရာကို အချိန်ကြာမြင့်စွာ ကုသရတော့မည် ဖြစ်ကြောင်း ပြောကြားသည်။ ဇီဒန်းသည် ယခုပွဲကစားအပြီး ပြင်သစ်အသင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်နည်းပြ ဒိုမီနစ်ချ်က ဇီဒန်းသည် စိတ်ထားမြင့်မြတ်သူတစ်ဦးဖြစ်ကြောင်း၊ သို့သော် လူသားတစ်ဦးဖြစ်သည့်အတွက် ပေါက်ကွဲသည်မှာ သဘာဝကျကြောင်း၊ သို့သော် ယခုပွဲ၌ ဤသို့မလုပ်သင့်ကြောင်း ပြောကြားလိုက်သည်။

အီတလီမြို့ကြီးများ၌ ညလုံးပေါက်အောင်ပွဲခံ

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားကို ထိုက်ထိုက်တန်တန် ရယူအောင်ပွဲခံနိုင်ခဲ့သော အီတလီအသင်း၏ အောင်မြင်မှုကို အီတလီနိုင်ငံရှိ မြို့ကြီးများအားလုံး၌ ပြည်သူတို့ လမ်းမများပေါ်ထွက်ကာ ညလုံးပေါက် အောင်ပွဲခံခဲ့ကြသည်။ မော်တော်ကားဟွန်းများကို အဆက်မပြတ်တီးကာ ပျော်ရွှင်မြူးထူးခဲ့ကြရာ ပရိသတ်များကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ရသည်။

ပြင်သစ်ပရိသတ်တို့ မျက်ရည်မဆည်နိုင်

ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲတွင် အီတလီကို ပယ်နယ်တီအဆုံးအဖြတ်နှင့် ရှုံးနိမ့်ခဲ့ပြီး ကမ္ဘာ့ဖလားကို လက်မတင်လေး လက်လွှတ် ဆုံးရှုံးခဲ့ရမှုနှင့် ပြင်သစ်ဘောလုံးပရိသတ်အချစ်တော် ဇီဒန်း အနီကတ်ပြအထုတ်ခံခဲ့ရမှုများကြောင့် ပြင်သစ်ဘောလုံးပရိသတ်တို့ မျက်ရည်မဆည်နိုင်အောင် ငိုကြွေးခဲ့ကြရသည်။

ဇီဒန်းအား အချိန်ပို ၁၀ မိနစ်ခန့်တွင် အနီကတ်ပြထုတ်ပစ်ခဲ့ချိန်မှစပြီး ပါရီမြို့ရှိ ရုပ်မြင်သံကြားမှကြည့်ရှုနေသော ဘောလုံးပရိသတ်တို့ ဝမ်းနည်းစွာ ငိုကြွေးခဲ့ကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

အီတလီနည်းပြလစ်ပီ ဂုဏ်ယူမဆုံးဖြစ်နေ

မိမိဘဝတွင် အအောင်မြင်ဆုံးအချိန်ပင်ဖြစ်ကြောင်း၊ အမြင့်ဆုံးဆုပင်ဖြစ်ကြောင်း၊ အီတလီပြည်သူတစ်ရပ်လုံးနှင့်အတူ မိမိဖော်မပြနိုင်အောင် ဝမ်းသာကြည်နူးရပါကြောင်း အီတလီနည်းပြလစ်ပီက ပြောကြားလိုက်သည်။

မိမိ၏နည်းပြဘဝသက်တမ်းတွင် ကမ္ဘာ့ဖလား တစ်ကြိမ်တစ်ခါမျှ မရခဲ့ဖူးကြောင်း၊ မိမိကိုင်တွယ်ခဲ့သည့် အီတလီအသင်းသည် ကမ္ဘာပေါ်တွင် အကောင်းဆုံး ဘောလုံးအသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့အောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ကျေနပ်ဝမ်းမြောက်ကြောင်း လစ်ပီက ပြောကြားသည်။

စီရိုနယ်ဒို စပိန်ကလပ်ရီးရဲလ်မက်ဒရစ်သို့ပြောင်းချင်နေ

မန်ယူတောင်ပံကစားသမားနှင့် ပေါ်တူဂီတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုသည် ရီးရဲလ်မက်ဒရစ် သို့မဟုတ် ဘာစီလိုနာသို့ ပြောင်းရွှေ့ချင်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

စပိန်တွင်ကစားရန် မိမိဆန္ဒရှိနေကြောင်း၊ သို့သော်လည်း ဖာဂူဆန်နှင့် ဒေးဗစ်ဂီးလ်တို့ အစစအရာရာ ပံ့ပိုးမှုပေးနေကြောင်း၊ မိမိကျေးဇူးတင်ကြောင်း၊ မိမိဆန္ဒမှာ ရီးရဲလ်မက်ဒရစ် သို့မဟုတ် ဘာစီလိုနာတွင် ကစားလိုကြောင်း စီရိုနယ်ဒိုက ပြောကြားသည်။

- **ရွှန်နေအား ဒေါ်လာ ၄၀၇၂ ဒဏ်ငွေတပ်ပြီး နှစ်ပွဲပယ်ပြစ်ဒဏ် ဖီဖာ ချမှတ်။**
- **ကလိုဆေး ရွှေဖိနပ်ဆု ဆွတ်ခူးရရှိ။**
- **အိုလီဗာခန်း ဂျာမနီအသင်းမှ နားပြီ။ ။**

(အင်တာနက်)

စက်ရုံတစ်ခုချင်း လုပ်ငန်းလျာထားချက်အကောင်အထည်ဖော် သတ်မှတ်ကာလအတွင်း ပြီးစီးရေးကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၈ရက် နံနက် ၈နာရီခွဲက အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံအထွေထွေမန်နေဂျာ ဦးအေးသောင်းက စက်ရုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက စက်ရုံစီမံကိန်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်မှုပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ထားမှုအခြေအနေတို့ကိုလည်းကောင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်ဝင်းက စီမံကိန်းအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ဆောက်လုပ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုနှင့်အလုပ်ရုံများအတွက် Steel Structure များရောက်ရှိလာပါက တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကြိုတင်စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်က ထပ်ဆင့်ရှင်းလင်းတင်ပြသည်။

ကြိုးပမ်း

ဝန်ကြီးက စက်ရုံစီမံကိန်းလုပ်ငန်းများကို စက်ရုံတစ်ခုချင်းအတွက် လုပ်ငန်းလျာထားချက်များရေးဆွဲ၍ တည်ဆောက်အကောင်အထည်ဖော်ရေး၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ စက်ရုံတည်ဆောက်ရေးပစ္စည်းများကို စနစ်တကျ လက်ခံထိန်းသိမ်းရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

အောင်မြင်အောင်စိုက်ပျိုး

ထို့နောက် မြန်မာ့မော်တော်ယာဉ်နှင့်ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမျိုးသိန်းက သာဂရစက်မှုနယ်မြေ လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးထားရှိမှု၊ ကျွန်းပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အရိပ်ရလေကာပင်များကို မိုးရာသီကာလအတွင်း အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရေး၊ ခြံစည်းရိုး ကြက်ဆူပင်များကို သတ်မှတ်စိုက်ကွက်ပြည့်မီအောင် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်အဖွဲ့သည် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ စီမံကိန်းအလုပ်ရုံများ တည်ဆောက်နေမှု၊ အလုပ်ရုံ အဝင်လမ်းများ ခင်းကျင်းပြီးစီးမှု အခြေအနေများနှင့် မြေထိုးစက်၊ မြေကော်စက်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းအတွက် မြေနေရာရွေးချယ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

စနစ်တကျကြပ်မတ်

ယင်းနောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို သွက်သွက်လက်လက်နှင့် မြန်မြန်ဆန်ဆန် လုပ်ဆောင်ကြရန်၊ အလေအလွင့်မရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်နှင့် စက်သုံးဆီများ ခြိုးခြံချွေတာရန်တို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘီးလင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၀

ဘီးလင်းမြို့နယ်အသင်း၏ (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့်(၂၆)ကြိမ်မြောက် နှစ်ပတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင်၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ဝေဠုဝန်) နိကာယဂိုဏ်းကြီး၏ ဒုတိယ အကျိုးတော်ဆောင်ချုပ် ဘီးလင်းတိုက်သစ် ဆရာတော် ဘဒ္ဒန္တပညောဘာသအား အမှူးထား၍ သံဃာတော်မြတ်များအား ဝါဆိုသင်္ကန်းနှင့် ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ အသင်းဝင်များ ကြွရောက်ကြရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်သားသမီးများ၏ အမည်စာရင်းကို အမှတ်စာရင်းမိတ္တူနှင့်အတူ ဇူလိုင် ၁၄ ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးခင်စိုး(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၅၇၇၀၇၆၊ ဦးအောင်မြင့်လွင် ဒုတိယဥက္ကဋ္ဌ ဖုန်း ၅၇၂၁၉၄၊ ဦးသန့်ကြီး အတွင်းရေးမှူး ဖုန်း-၅၃၉၇၅၈နှင့် ဦးကျော်အေး တွဲဖက်အတွင်းရေးမှူး ဖုန်း-၂၄၈၀၀၁တို့သို့ ပေးပို့ရန်နှင့် ကြိုတင်လှူဒါန်းလိုသူများ ဘီးလင်းတိုက်သစ်သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၉)**

စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ)၏
အဋ္ဌမအကြိမ် "ငြိမ်းချမ်းမင်္ဂလာ" အထိမ်းအမှတ်နှင့်
မြိုင်ကြီးငူဆရာတော်ကြီး ဘဒ္ဒန္တသုဇန၏
(၅၈)နှစ်မြောက် "ဝိဇာတမင်္ဂလာ"အထိမ်းအမှတ်
အဋ္ဌမအကြိမ် သံဃာတော်အပါး(၁၀၀၀)ဆွမ်းကပ်လှူပူဇော်ပွဲ
ဖိတ်ကြားလွှာ

အလှူတော်မင်္ဂလာနေ့ရက် – ၁၃၆၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် ၂၀၀၆ခုနှစ်၊ ဇူလိုင် ၁၂ရက်(ဗုဒ္ဓဟူးနေ့)

အလှူတော်မင်္ဂလာအချိန် – နံနက် ၀၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ၊

အလှူတော်မင်္ဂလာနေရာ – အောင်မင်္ဂလာကျောင်းသစ် (တစ်ပါးကျောင်း) စုံနံ့သာမြိုင်ဆွေမြို့တော် (မြိုင်ကြီးငူ)

တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး
မြိုင်ကြီးငူ ဒါယကာ၊ ဒါယိကာမများ။



မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (၁၁)ကြိမ်မြောက် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇူလိုင် ၁၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ (၁၁)ကြိမ်မြောက် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်စုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ၁နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ ယုဇနပ်ဟိုတယ် အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အတည်ပြုချက်ရယူ

ထို့နောက် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဂျော့စိုးဝင်းက နှစ်ချုပ်စာရင်းများကိုလည်းကောင်း တင်ပြအတည်ပြုချက် ရယူသည်။

ဆက်လက်၍ စာရင်းစစ်အစီရင်ခံစာ၊ အမြတ်ဝေစုခွဲဝေမှု၊ 'ခ'အစုရှယ်ယာရှင် ဒါရိုက်တာများ ရွေးချယ်ခြင်း၊ စာရင်းစစ်ကော်မတီဖွဲ့စည်းခြင်းနှင့် ပြင်ပစာရင်းစစ်အဖွဲ့ ဆက်လက်ရွေးချယ်ခန့်ထားခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် နာယကဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်သိန်း၃၀ကို ပေးအပ်လှူဒါန်းရာ မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က လက်ခံသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင်၇ရက်က ထောက်ကြန့်မြို့ မြသီတာတောင်ပိုင်း ရပ်ကွက် ရတနာလမ်း အမှတ်၅နေ ဒေါ်ပြုံးက အလှူငွေကျပ်တစ်သိန်းကို(အခမဲ့) နာရေးကူညီမှုအသင်း(ထောက်ကြန့်)သို့ ပေးအပ်လှူဒါန်းရာ အသင်းဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးသန်းဝင်းက လက်ခံယူစဉ်။ (က-ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ပဉ္စမအကြိမ်မြောက် ဝါတွင်း စုပေါင်းသွေးလှူဒါန်းပွဲကိုယမန်နေ့ (ဝါဆိုလပြည့်နေ့) နံနက်၉နာရီတွင် အဆိုပါ ဆေးရုံကြီး အလှူတော် မင်္ဂလာခန်းမ၌ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊သွေးလှူဒါန်းကြမည့် လူပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဦးမောင်မောင်က အမှာစကားပြောကြားပြီး သွေးလှူရှင်များကိုယ်စား သွေးလှူရှင် နော်ဝေဝေအေးက သွေးလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးပိုလေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သွေးလှူရှင် သံဃာတော်၂၃ပါး၊သီလရှင်၂၈ပါးနှင့် လူပုဂ္ဂိုလ်၁၂၅ဦးတို့က သွေးလှူဒါန်းကြရာ ရန်ကုန်ဆေးရုံကြီးအမျိုးသားသွေးဘဏ်မှ တာဝန်ခံဆရာဝန်ကြီးဒေါက်တာ ဒေါ်သီတာအောင်နှင့် အဖွဲ့က လက်ခံယူကြသည်။

သွေးလှူဒါန်းပွဲတွင် သွေးလှူရှင်များအား Royal Ruby ကုမ္ပဏီက ကျပ်တစ်သိန်းတန်ဖိုးရှိ အားဆေးများ လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ ပဉ္စမအကြိမ်မြောက် ဝါတွင်း စုပေါင်းသွေးလှူဒါန်းပွဲကျင်းပရာ သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ သွေးလှူဒါန်းကြစဉ်။
(သတင်းစဉ်)



ပုံစံ(၁)အခွန်စာရွက်အစိမ်းပျောက်ဆုံးခြင်း
ကက/၉၃၁၈ ယာဉ်၏အခွန်စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ကိုစိုးအောင် ဖုန်း-၀၉-၅၁-၃၁၄၇၉။**

အမြန်ဆက်သွယ်ပါ
Nissan, Avenir ၄က/၉၁၆၅ လက်ဝယ်ရှိသူသည် မူလပိုင်ရှင်ဖြစ်သူ ဒေါ်တင်တင်အေး ၁၂/ပဘတ(နိုင်) ၀၁၂၀၅၂နှင့် အမြန်ဆုံးလာရောက်ဆက်သွယ်ပါရန်။
ဖုန်း-၃၈၇၅၀၆၊ ၀၉-၅၁-၅၇၇၆၇။



ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (တိုင်း ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု စစ်တွေ၌ ဆံကေသာအလှမယ်ပြိုင်

စစ်တွေ ဇွန် ၃၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဆံကေသာအလှမယ်ပြိုင်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် ည၇နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ကျော့ကျော့စံက ဆံကေသာအလှမယ်ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ဆံကေသာအလှမယ်ပြိုင်ပွဲကို ကျင်းပသည်။

ထို့နောက် ပြိုင်ပွဲဝင်ဆံကေသာအလှမယ်များအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေများကို စစ်တွေခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်မေရီထွန်းနှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် စည်းရုံးရေးအဖွဲ့ခေါင်းဆောင် ဒေါ်မူမူအေးတို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး ဆံကေသာအလှမယ်ပြိုင်ပွဲတွင် အထူးဆုရကြသူ အမ်းမြို့နယ် ကိုယ်စားပြု မမြမြဇော်နှင့် စစ်တွေမြို့နယ် ကိုယ်စားပြု မအေးကျော့ဝင်းတို့အား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက အဖွဲ့ဝင် ဒေါ်မို့မို့နွယ်ကလည်းကောင်း၊ ပထမဆုရသူ ရသေ့တောင်မြို့နယ်ကိုယ်စားပြု မမျိုးသန္တာလင်း**(အောက်ဝဲပုံ)**၊ဒုတိယဆုရ မင်းပြားမြို့နယ်ကိုယ်စားပြု မသန်းသန်းဦးနှင့် တတိယဆုရသူ ပုဏ္ဏားကျွန်းမြို့နယ် ကိုယ်စားပြု မခင်မာဝေတို့အား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကျော့ကျော့စံတို့က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်၌ မြို့နယ်တာဝန်ခံဦးစီးအရာရှိ ဦးသစ်ထူးမြင့်နှင့် ဝန်ထမ်းများ ဇွန်၉ရက်က ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးပင်ပေါက်များကို ပျိုးထောင်ပေးစဉ်။ (နယ်စပ်/စည်ပင်)

တမူးမြို့၌ စီမံကိန်းတာဝန်ပေးအပ်

တမူး ဇူလိုင် ၁

တမူးခရိုင်၏ ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက်မွန်းလွဲ ၁ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်က အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးလူဖေဝင်းက စီမံကိန်းလျာထားချက်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနဆိုင်ရာများ၊ စိုက်ကြပ်အဖွဲ့များနှင့် ရပ်ကွက်ဥက္ကဋ္ဌများသို့ စီမံကိန်းတာဝန်များပေးအပ်သည်။**(ခရိုင်ပြန်/ဆက်)**

ပင်လည်ဘူးမြို့နယ်၌နှစ်စဉ်စီမံကိန်းတာဝန်ပေးအပ်

ပင်လည်ဘူး ဇွန် ၃၀

ကသာခရိုင် ပင်လည်ဘူးမြို့တွင် နှစ်စဉ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက်နံနက် ၁၀နာရီက မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးသန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမင်းလွင်ဦးက စီမံကိန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းတာဝန်များကို ဌာနအလိုက် တာဝန်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေပေးရေးလုပ်ငန်းအတွက် လက်နှိပ်ပန့်နှင့်စက်ရေတွင်းပြုပြင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသင်တန်းကို ဇွန်၂၄ ရက်က အဖွဲ့ပိုင်သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ဖွင့်လှစ်ပို့ချရာ အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လတ်တို့က ရှင်းလင်းပို့ချပေးစဉ်။ (မြို့နယ်စည်ပင်)

ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကြက်ဆူပျိုးဥယျာဉ်မှ အပင် ၄၀၀ မြေချ စိုက်ပျိုးမှုကို အဖွဲ့ပိုင် ရုံးဝင်းတွင် ဇွန် ၂ ရက်က အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် ဒုတိယဦးစီးမှူး ဦးအောင်လွင်တို့ ကြီးကြပ်၍ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

ရေဦး ဇွန် ၃၀

ရေဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ မိုးရာသီတွင် ဖြစ်ပွားတတ်သော ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၉ ရက် ညနေ ၃ နာရီက ညောင်နီကန်ကျေးရွာအုပ်စု ကုန်းသာအခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်သန်းက သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ လည်းကောင်း၊ကျေးလက်ကျန်းမာရေး ဆရာမ ဒေါ်ခင်နှင်းရီက ဝမ်းလျှော ဝမ်းပျက်အကြောင်းနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

လှူဒါန်း

ထို့နောက် ချို့တဲ့နွမ်းပါးသော ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်ရှစ်ဒါဇင်နှင့်ခဲတံ ၁၀ဒါဇင်တို့ကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က ပေးအပ်လှူဒါန်းရာကုန်းသာ အမက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ဦးမြို့နယ်မြင်းကပါကျေးရွာ၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ညောင်ဦး ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ပျိုးပွဲနှင့် မနူဟာဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးကို ဇွန် ၂၅ ရက် နံနက် ၇ နာရီက မြင်းကပါကျေးရွာ မြစေတီဘုရားအနီးတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အခြားလူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

စုပေါင်းဆောင်ရွက်

ရှေးဦးစွာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ပျိုးပွဲတော် ဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ခြံစည်းရိုးကြက်ဆူပင်နှစ်ကေတွင် ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀ ကို တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းစိုက်ပျိုးကြပြီး မြင်းကပါကျေးရွာ မနူဟာဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးကို တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



ဆက်ကပ်လှူဒါန်း

ကြည့်မြင်တိုင်မြို့နယ် ကျိုက်တန်းလမ်း အမှတ်-၄၅နေ ဦးလှမြင့်-ဒေါ်အမ်းပိမိသားစုက ရေဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္မဒွေစေတီရုံတစ်ဆူအတွက် ငွေကျပ်တစ်သိန်းနှင့် ရုပ်ပွားတော်တစ်ဆူအတွက် ငွေကျပ်ငါးသောင်းတို့ကို ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်တော်မူစဉ်။ (က-ပ)

ကလေးမြို့၌ ရှေးဦးသူနာပြုစုနည်းသင်တန်းဖွင့်

ကလေး ဇူလိုင် ၁

လူထုအတွင်း ရှေးဦးသူနာပြုစုခြင်းနည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်၁၅ရက် နံနက်၉နာရီက ကလေးမြို့ အထွေထွေရောဂါကုသရေးပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ကြက်ခြေနီအသင်း အဆောက်အအုံ၌ ကျင်းပသည်။**(အောက်ပုံ)**

ရည်မှန်းချက်ရှင်းလင်း

ရှေးဦးစွာ ကလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်ကိုယ်စားလှယ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း မှ မြန်မာနိုင်ငံ၏ ကျန်းမာရေးသင်တန်းဌာနကိုယ်စားလှယ် Ms.Evelyn ကလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်(သင်တန်းဌာန) စီမံညှိနှိုင်းရေးမှူး ဒေါ်အေးအေးသန့်က ကြက်ခြေနီသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီး ကလေးခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကလေးမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးဆွေက အမှာစကားပြောကြားသည်။ **(၄၁၇)**

မြို့နယ် သတင်းများ

ဇူလိုင်၇ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးက ဆရာတော်သံဃာတော်များထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မကွေးတိုင်းဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲ ကျင်းပ

ပခုက္ကူ ဇူလိုင် ၃

၂၀၀၆ခုနှစ် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် ငါးခရိုင် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇွန်၂၆ရက် နံနက်က ပခုက္ကူမြို့ ခရိုင်အားကစားကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်း အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌကိုယ်စား တိုင်းဘော်လီဘောအသင်း ဆပ်ကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၉ရက် နံနက်က ကျင်းပရာ ပထမဆုရ ပခုက္ကူခရိုင် အမျိုးသားဘော်လီဘောအသင်းနှင့် အမျိုးသမီးဘော်လီဘောအသင်းတို့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက ဆုနှင့်ငွေသားချီးမြှင့်၍ **(ယာပုံ)** ဒုတိယ ဆုရအသင်းနှင့် ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားဆုရသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၄၁၃)**

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ပုဏ္ဏားကျွန်း ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ရက် နံနက်က စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့ ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းနှင့် အဖွဲ့အင်အား ၂၀၀ ကျော်တက်ရောက်၍ ကျွန်းပင် ၄၂၀၊ သစ်ဆိမ့်ပင် ၇၄၀ စိုက်ပျိုးခဲ့ကြပြီး မြို့နယ်ခန်းမအနီး ခြံစည်းရိုးကြက်ဆူစိုက်ခင်းတွင် ကြက်ဆူပင် ၁၂၀၀ကို စုပေါင်းစိုက်ပျိုးပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေမြောင်းများစုပေါင်းတူးဖော်

အုတ်တွင်း ဇူလိုင် ၂

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇွန် ၂၄ရက်က အုတ်တွင်းဈေးကြီးရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းတူးဖော်ဆောင်ရွက်ကြသည်။

အဆိုပါ ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌဦးမျိုးသန်း၊ အမှုဆောင်အရာရှိ ဦးတင်ရှိန်၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဈေးသူဈေးသားများ စုပေါင်း၍ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။**(အောက်ပုံ)** **(၃၁၆)**

စီမံကိန်းရည်မှန်းချက် သနပ်ပင်၌ တာဝန်ပေးအပ်

သနပ်ပင် ဇွန် ၂၅

ပဲခူးတိုင်း သနပ်ပင်မြို့နယ်၏ ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၉ရက်က သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ မြို့နယ်စီမံကိန်းဦးစီးဌာနဦးစီးမှူး ဦးစိန်ထွန်းက ရှင်းလင်းတင်ပြရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ဥက္ကဋ္ဌများသို့ စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်သည်။**(ဝဲပုံ)**

စိုက်ပျိုးပြီးဖြစ်

သနပ်ပင်မြို့နယ် အနေဖြင့် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း မိုးစပါး ၁၈၅၇၇၂ဧက စိုက်ပျိုးမည်ဖြစ်ရာ ဇွန် ၁၉ရက်အထိ ၈၃၂၃၄ဧက စိုက်ပျိုးပြီးဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့နယ် စီမံကိန်းတာဝန်ပေးအပ်

မိုးကောင်း ဇွန် ၂၅

မိုးကောင်းမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၅ရက် မွန်းတည့်၁၂နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး မိုးကောင်းမြို့မ၊ နမ္မတီးဒေသစိတ်၊ ဆားမော်ဒေသစိတ်၊ နမ္မနဒေသစိတ်၊ ပင်းဘောဒေသစိတ်များမှ ဥက္ကဋ္ဌများထံသို့ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ဥက္ကဋ္ဌများ စုစုပေါင်း အင်အား ၁၅၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်(၃)ရက်

၁၂-၇-၂၀၀၆(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (တွင်ခုံအမျိုးမျိုး ထုတ်လုပ်မှုအကြောင်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ဗိသုနိုးပျူမြို့တော်ယဉ်ကျေးမှု-သာရဝေါစိုးကြည်)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (အလုပ်နှင့်တန်ဖိုးပေါင်းသော်တန်ခိုးဖြစ်စေ၏) (စန္ဒာခင်-ရှေးဟောင်းသုတေသန)

၁၂း၃၅ သီချင်းကြိုးပဒေသာ
(၁) ပန်းကြာဝတ်မှုန် (သီချင်းခန့်)- ဦးထွန်းရှိန်
(၂) မဏိကဥ္စနာ(ပတ်ပျိုး)- ဒေါ်ကြည်ကြည်ဝင်း
(၃) ရင့်ကျူးငယ်မန္တာ(ပတ်ပျိုး)- ကိုလေးမြင့်

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ပြုံးတဲ့မေ
(၂) ချစ်ရသည်က အသက်ထက်ဆုံး
(၃) မုန်ကြိုက်သူ

၁၇း၃၀ အစာနှင့် အာဟာရ (တည်င်းသီး)

၁၇း၄၅ သူ့လက်သံ (အဆို၊အက၊အရေး၊ အတီးဆုရ ရန်ကုန်တိုင်းမှ ဦးအောင်ရှိန်၏ဂီတာလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) တွန်းအား Motivation ဒေါက်တာခင်မောင်ညို ပြန်ဆိုသည်)
(၂) မိသားစုကျန်းမာရေး- တိုင်းရင်းဆေးဝါးကုသနည်းများ (ကျော်တင့်ဆွေ)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (တေးပုလဲကိုဘမြင့်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဇာဏီခင်၏ ကိုယ်ပိုင်သံစဉ်သီချင်းများ)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာကွက်လပ်တစ်နေရာ
(၂) အိပ်မက်ကလေး ဆေးရောင်စုံ
(၃) ချစ်သည့်အကြောင်းက ရင်ထဲမှာ

MCC
Since 1986
ကွန်ပျူတာပညာကိုအခြေခံမှစ၍ တတ်မြောက်လိုသူများအတွက်
ICT Foundation Course
25% Discount
၁၁-၇-၂၀၀၆ ဖွင့်မည်။
ရန်ကုန်မြို့။
☎ ၂၄၆၇၆၆၈၊ ၂၄၆၇၈၆၂

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရမည်းသင်းခရိုင်တရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်- ၄၀

မန်နေဂျာ **နှင့်** ၁။ ဦးမောင်အေး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ခင်ရွှေ
ရမည်းသင်းမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၈/၂၀၀၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ရမည်းသင်းမြို့၊ဝါတိုးရပ်ကွက်၊အကွက်(၃၇)၊ ဦးပိုင် (၆၄ က)၊ ဧရိယာ ဝဒသမ ဝ၅၁ဧကရှိမြေကွက်။
၂။ ယင်းမြေပေါ်ရှိ (၄x၃)ပင် လျှာထိုးခင်း၊ သွပ်မိုးနှစ်ထပ်အိမ်နှင့်တွဲလျက် (၄x၂)ပင်တစ်ထပ်မီးဖို။

လေလံကြမ်းခင်းဈေး - ၆၅၀၀၀၀၀/
(ကျပ်ခြောက်ဆယ့်ငါးသိန်းတိတိ)

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်ထွန်း
ခရိုင်တရားသူကြီး
ရမည်းသင်းခရိုင်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၅

မြန်မာ့စီးပွားရေးဘဏ် နှင့် ၁။ ဦးစိုးတင့်
မိတ္ထီလာမြို့။ ၂။ ဒေါ်ခင်ဆွေဝင်း
တရားနိုင် **တရားရှုံး**

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့ မြန်မာသက္ကရာဇ်(၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် အကွက်အမှတ် (ခ/အောင်ဇေယျာ)၊ ဦးပိုင်အမှတ်(-) မြေကွက်အမှတ် ၄၉၊ မြေချိန်ဧရိယာ ဝ ဒသမ ဝ၄၁ ဧကရှိဂရန်မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ (၃၂x၂၄)ပေအတွင်း (၃၂x၁၂) ပေ လျှာထိုးခင်း၊ ထပ်ခိုးပါ၊ လူနေတစ်ထပ်တိုက်တွဲလျက် (၂၄x၈)ပေရှိ မီးဖိုဆောင်၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း-၁၂၀။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှသာဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးကတာဝန်ခံမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ထွန်း
တိုင်းတရားသူကြီး။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀-
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် - ၇၉

ဦးအောင်ဆန်း **နှင့်** ၁။ ဦးမောင်စိန်
၂။ တမီးလ်လာရာစူး(ခ)ဦးလှစိန်
၃။ မန်းနီးလ်မာစတန်(ခ)ဦးလှနိုင်
တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် သုမိတ္တာ(၁၇)လမ်း အမှတ် ၆၄၄တွင် နေထိုင်ခဲ့ဖူးသူ ဦးမောင်စိန်၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး ရွှေစပါယ်ရိပ်မွန်အိမ်ရာ၊ ရွှေဇလပ်လမ်းတိုက်(ပီ) အခန်း(၄)တွင်နေထိုင်ခဲ့ဖူးသူ တမီးလ်လာရာစူး(ခ) ဦးလှစိန်နှင့် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် သုမိတ္တာ(၁၇)လမ်း အမှတ် ၆၄၄ တွင် နေထိုင်ခဲ့ဖူးသူ မန်းနီးလ်မာစတန်(ခ) ဦးလှနိုင်တို့ သိစေရမည်။

သင့်အပေါ် တရားလို ဦးအောင်ဆန်းက ကုန်ဖိုးငွေများ ပေးအပ်စေရန် တရားစွဲဆိုခြင်းဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေဖြစ်စေ၊ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့ နံနက် ၉:၃၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်ကထုချေတင်ပြအမှီပြုလိုသည် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ဆွေရီ
တွဲဖက်တိုင်းတရားသူကြီး(၁)၊ရန်ကုန်တိုင်းတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၃၄၄၆ Honda C-90 Custom cms ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မိုးသန္တာဦး မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၂၄၀၉၅၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

သတိပေးကြေညာ

KTN-၀၅၂၅၀၅ ကိုင်ဆောင်သူ မအေးအေးမွန် နေအိမ်မှ အရေးကြီး ပစ္စည်းနှင့်စာချုပ် စာတမ်းများနှင့်အတူ အမြန်ပြန်လာပါ။ လက်ခံထားရှိသူများအား ဥပဒေအရအရေးယူသွားမည်။ **စိုးအောင်သင်း**
အမှတ်၄/၁၁၉၅ ဗိုလ်ပျို(၁) ဒဂုံ(အရှေ့)မြို့၊ ရန်ကုန်မြို့။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် ကျောက်ချက်ကျေးရွာနေ ဦးမြင့်ရှိန် (ကွယ်လွန်)၊ ဒေါ်ခင်ရီတို့၏သမီး မစန်းစန်းငွေ ၈/ဆပဝ (နိုင်) ဝ၇၂၆ဝ၃ ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ခြင်း၊သားသမီးဝတ္တရား ပျက်ကွက်ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်ရီ
၈/ဆပဝ (နိုင်)ဝဝ၅၂၇၃
ကျောက်ချက်ရွာ
ဆင်ပေါင်ဝဲမြို့နယ်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၉၂၂၆ Honda C-90 Custom cms ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်တင်တင်လှ မှတ်ပုံတင်အမှတ်၉/ပကခ(နိုင်)ဝဝ၃၂၆၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၂) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စမ်းစမ်းအေးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးလှကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ သာကေတမြို့နယ် ၂/မြောက် ရပ်ကွက် အနော်မာ ၂၁ လမ်းအနောက် အမှတ်(၂၉/ခ) နေ ဦးဟန်ဝင်းအောင်-ဒေါ်နီနီအောင်၊ သမီး မသက်ထားဆွေဇင် မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင် တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင်ဦးကျော်စိုးလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်နှင့်မြို့တွင်း၌ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစိုက်ပျိုးထားသော ပန်းအလှပင်များနှင့် အရိပ်ရပင်များအတွက် မြေဆွေး မြေဩဇာများရောစပ်နေမှုကို ဇွန် ၈ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုပိုစတာစိုက်ထူ စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်လှူဒါန်း

ဟားခါး ဇူလိုင် ၁

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်းအနီး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ မြေစိုက်ပိုစတာကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါက်တာဒေါ်ခင်စောမူနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်တင်တင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သည် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟားခါး-သီဖူးလ်လမ်းခွဲရှိ လက်ဖက်ဧက ၇၀၀ တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးကြပြီး ချင်းပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်များနှင့် အလှူငွေကျပ် ၂၀၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်းတည် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့သို့ ဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၅ ရက်က ပေါင်းတည်ရဲစခန်း ညှော်ရိပ်သာခန်းမဆောင်၌ ကျင်းပရာ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးကိုကိုလွင်နှင့် မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး ဒုတိယရဲမှူး မြင့်အေးတို့က ဝတ်စုံများကို မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး သန်းမြင့်ထံ ပေးအပ်စဉ်။ (ဝ၆၄)

အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဘက်စုံ ကဏ္ဍစုံ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်
ပြည်တွင်းပြည်ပအဖျက်သမားများက တည်ငြိမ်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးအောင်ကြိုးပမ်းလျက်ရှိ
ယင်းဆောင်ရွက်မှုများသည် အဖျက်လုပ်ရပ်များဖြစ်သည့်အတွက် ထိပါးနှောင့်ယှက်မှုမှန်သမျှ တားဆီးကာကွယ်
နိုင်ငံတော်သစ်ထူထောင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး နယ်မြေလူထုနှင့် လက်တွဲပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပပြီးစီး အီတလီအသင်း ပိုင်နယ်တီအဆုံးအဖြတ်ဖြင့် ဗိုလ်စွဲ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဘာလင် ဇူလိုင် ၁၀

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဂျာမနီနိုင်ငံ ဘာလင်မြို့ အိုလံပီယာအားကစားကွင်းကြီး၌ ဇူလိုင် ၉ ရက် ညပိုင်းက ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲတွင် အီတလီအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက ပိုင်နယ်တီ ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အီတလီအသင်းဗိုလ်စွဲနိုင်မှုနှင့်အတူ ဆုချီးမြှင့်ပွဲအခမ်းအနားကိုလည်း တစ်ဆက်တည်း ဖီဖာက ကျင်းပခဲ့သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၉ ရက်မှ စတင်ပြီး ယှဉ်ပြိုင်ကစားခဲ့ကြရာ ဇူလိုင် ၉ရက်အထိ တစ်လတိတိအချိန်ကြာမြင့်ခဲ့သည်။ နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ခြေစစ်ပွဲအောင်အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အားကစားသမားပေါင်း ၇၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

အာရှနှင့်အာဖရိကအသင်းအချို့သည် ဒုတိယရှုံးထွက်အဆင့်ထိ တက်ရောက်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ဂျာမနီ၊ အီတလီ၊ ပေါ်တူဂီ နှင့် ပြင်သစ် အသင်းတို့ တက်ရောက်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✡

ကမ္ဘာ့ဖလားကို အနမ်းပေးနေကြသည့် အီတလီအသင်း ကစားသမားများ။

(ဓာတ်ပုံ–အင်တာနက်)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စစ်တောင်း၊ ရွှေကျင်နှင့် သံလွင်မြစ်ရေကြီးမှု အခြေအနေ

ရန်ကုန် ဇူလိုင် ၁၀

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၇၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေ

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၃၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ အောက်သို့ ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေ

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သက်ဆိုင်ရာမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)